# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။ Friday, 8 December 2023 ၁၁၃၀၃


### ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဩမြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း**

စာမျက်နှာ » ၃

**အမှောင်ခွင်း၍ အလင်းဆောင်ပေးကြသူများသို့ ဂုဏ်ပြုဖော်ညွှန်းစာမော်ကွန်း**

ဆောင်းပါး စာမျက်နှာ » ၇

**ထိုင်းနိုင်ငံ၏ ရိုးရာနှစ်သစ်ကူးပွဲတော် သင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်း**

စာမျက်နှာ » ၁၃




## ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မိုင်းရှူးတောင်ပေါ်တိမ်ပင်လယ်သို့ ယခုနှစ်တွင် စိတ်ဝင်တစား လာရောက်ကြည့်ရှုအပန်းဖြေသူ များပြား

**ရန်ကုန် ဒီဇင်ဘာ ၇**

ခရီးစဉ်ဒေသသစ်တစ်ခုအဖြစ် ဖော်ဆောင်ထားရှိသော မိုင်းရှူးတောင်ပေါ်တိမ်ပင်လယ်သို့ ယခုနှစ်တွင် စိတ်ဝင်တစား လာရောက်ကြည့်ရှုအပန်းဖြေသူ များပြားနေကြောင်း ခရီးစဉ်သစ်ကို စတင်ဖော်ဆောင်သူ မနန်းမွေနွံကပြောသည်။

ယင်းခရီးစဉ်ကို ၂၀၂၂ ခုနှစ်က စတင်ဖော်ဆောင်ခဲ့ပြီး ယခုနှစ်အတွင်း လူသိများလာခြင်းဖြစ်သည်။ တိမ်ပင်လယ်မှာ မိုင်းရှူးတောင်ပေါ်တက်လမ်းအတိုင်းလာရောက်၍ ဘိုးဘွားတောင်သွားလမ်း (PNO )ဘုရားအောက်ဘက်တွင် တည်ရှိသည်။ မိုင်းရှူးမြို့မှလာရောက်လည်ပတ်မည်ဆိုလျှင် ၄၅ မိနစ်ခန့် လာရောက်ရုံဖြင့် ရောက်ရှိနိုင်သည်။ အဆိုပါနေရာသို့ အောက်တိုဘာလမှစ၍ အနီးဝန်းကျင်မြို့များမှ ခရီးသွားဧည့်သည်ဝင်ရောက်မှုများပြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှလည်း လာရောက်လည်ပတ်သူများရှိလာကြောင်း သိရသည်။


စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪



Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money -DMM(App) ကို အသုံးပြု၍ အောက်ပါ ဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ။
ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
ပြည်တွင်းနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
အငြိမ်းစား လစဉ် အဝါအဝင် ငွေစိုက်ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY anywhere anytime anyone
ရုံးချုပ် - အမှတ်(၅၁)ဝိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ကြေးမုံ

# ပြည်သူလူထုကျန်းမာရေး အထူးအလေးပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူအားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိရာတွင် "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိဘူး"ဆိုသည့်မူနှင့်အညီ "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ဆိုသည့် လူမှုရေးဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေးကဏ္ဍကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိသောကြောင့် ၁၉၉၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် မိခင်သေဆုံးနှုန်းကို ၂၀၂၀ ပြည့်နှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ ကျဆင်းစေခဲ့ပြီး အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် ၅၃ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဟု သိရသည်။ မွေးကင်းစကလေးသေဆုံးမှုနှုန်းတွင် ၂၀၀၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် ၄၂ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ တီဘီရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်တွင် ၂၀၁၅ ခုနှစ် ရောဂါဖြစ်ပွားနှုန်း၏ ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သဖြင့် အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် တီဘီရောဂါအဆုံးသတ်နိုင်ရေးမှတ်တိုင်ကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် တစ်ခုတည်းသောနိုင်ငံ ဖြစ်သည်။

ထို့အပြင် HIV/AIDS နှင့် ငှက်ဖျားရောဂါများ ဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလည်း သိသိသာသာလျှော့ချနိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ နီးနွယ်ဌာနများ၊ အလှူရှင်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကိုလည်း နိုင်ငံတကာနှင့်နှိုင်းယှဉ်လျှင် အချိန်တိုအတွင်း ထိခိုက်ဆုံးရှုံးမှုနည်းပါးစွာဖြင့် အောင်မြင်စွာ ကာကွယ်ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့သည်။ ကိုဗစ်-၁၉ ကာလအလွန်တွင်လည်း အခြားကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိခြင်း၊ ၂၀၂၃ ခုနှစ် မေလထဲ၌ ဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်းအပြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ချက်ချင်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် မုန်တိုင်းအလွန်ကာလတွင် ကူးစက်ရောဂါဖြစ်ပွားမှုမရှိခြင်းနှင့် တပ်မတော်ဆေးဝန်ထမ်းကဏ္ဍမှလည်း အခြေခံပြည်သူများထံသို့ သွားရောက်ကွင်းဆင်း ကုသစောင့်ရှောက်မှုပေးခြင်းတို့သည် ကျန်းမာရေးကဏ္ဍ၏ အောင်မြင်မှုများဖြစ်သည်။

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ(၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၆ ရက်နေ့က နေပြည်တော်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ပြည်သူ့ကျန်းမာရေးလုပ်ငန်းများသည် ကျန်းမာရေးအဆင့်မြှင့်တင်ရေးနှင့်ရောဂါများ ကြိုတင်ကာကွယ်တားဆီးရေးတို့ကို ပိုမိုအလေးထားဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ရောဂါကင်းဝေးပြီး ကျန်းမာသန်စွမ်းသည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုတိုးမြင့်ရရှိလာနိုင်မည်ဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာစေရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် "Prevention is better than cure" "ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သည်" ဆိုသည့်စကားအတိုင်း ရောဂါကြိုတင်ကာကွယ်တားဆီးရေးကို အလေးထားဆောင်ရွက်ကြရန်" တိုက်တွန်းပြောကြားခဲ့သည်။

ပြည်သူများ၏ လူ့မျှော်မှန်းသက်တမ်း ပိုမိုမြင့်မားလာရန်၊ လူတိုင်းသက်ရှည်ကျန်းမာပြီး ရောဂါဘယကင်းရှင်းရန်တို့ကို ရည်မှန်းဆောင်ရွက်ရာတွင် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ရောဂါကြိုတင်ကာကွယ်တားဆီးခြင်းသည် အဓိကကျသဖြင့် ယင်းတို့ကို အလေးထားဆောင်ရွက်နေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ၌ အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့သလို ပြည်သူများ ငွေကုန်ကြေးကျ အနည်းဆုံးဖြင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို တိုင်းရင်းသားပြည်သူများအားလုံးအတွက် လူတိုင်းလက်လှမ်းမီ သာတူညီမျှရရှိနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အခြေခံကျန်းမာရေးဝန်ထမ်းများ တိုးမြှင့်ခန့်ထားပေးခြင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ စံကိုက်ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများအဖြစ် ဆက်လက်မြှင့်တင်ပေးခြင်း၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးခြင်းနှင့် မရှိမဖြစ် အခြေခံဆေးနှင့် ဆေးပစ္စည်းများအားဝယ်ယူဖြည့်တင်းပေးခြင်းတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဆိုသည်မှာ ကျန်းမာရေးနှင့် သက်ဆိုင်သူများအားလုံးက ပြည်သူများ ကျန်းမာကြံ့ခိုင်စေရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးခြင်းနှင့် ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးအသိဖြင့် သက်ရှည်ကျန်းမာအောင်နေထိုင်စားသောက် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်၍ ကျန်းမာရေးဝန်ထမ်းများကလည်း ပြည်သူများအတွက် စေတနာရှေ့ထား၍ ကြိုးပမ်းဆောင်ရွက်ပေးကြခြင်းဖြင့် နိုင်ငံတော်၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းကို ပိုမိုမြင့်မားလာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၇

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဆရာသမားများနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင်ကျင်းပရန် စီစဉ်ထားရှိပြီး သက်ကြီးပူဇော်ပွဲအတွက် အလှူငွေများလည်း ပေးအပ်လျက်ရှိရာ ကိုဇော်သူရဝင်း-မခိုင်ဇာသွယ်က မင်္ဂလာဦး အလှူငွေကျပ်တစ်သိန်း၊ ဦးအောင်နိုင်ဦး-ဒေါ်ခင်ရတနာ၊ ဦးသန်းလင်းဦး-ဒေါ်သက်နီမြင့်၊ ဦးဟိန်းထက်အောင်-ဒေါ်မိုးမိုးအောင်၊ ဦးမိုးယုဝင်းတို့က အလှူငွေကျပ်ငါးသောင်းစီ၊ ဒေါ်ခင်စိန်ရီ၊ ဒေါ်အေးအေးမြင့်၊ ဒေါ်စန္ဒာသန်းတို့က အလှူငွေကျပ် သုံးသောင်းစီ၊ ဦးခင်မောင်မြင့်(ဥက္ကဋ္ဌ) ရန်ကုန်တိုင်းသတင်းစာအဖွဲ့၊ ဒေါ်ညွန့်ရွှေတို့က အလှူငွေကျပ် နှစ်သောင်းစီနှင့် ဦးနိုင်ထွန်း-ဒေါ်မိမိငယ်၊ ဒေါ်စောသီတာဦး၊ ဒေါ်စန်းထိုက်ဝင်း၊ ဒေါ်ညိုညိုမြင့်တို့က အလှူငွေကျပ် တစ်သောင်းစီ စုစုပေါင်းအလှူငွေကျပ်




လေးသိန်းခုနစ်သောင်းကို ဒီဇင်ဘာ ၆ ရက်တွင် အသင်းရုံးခန်း၌ လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

## လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း



ရန်ကုန် ဒီဇင်ဘာ ၇

အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး သစ်ပင်၊ သစ်ကိုင်းများကြောင့် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းကျဆင်းစေရေးနှင့် ဗို့အားပြည့်ဝစွာ ရရှိရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စက်မှုဇုန်( ၅ )ရှိ 33kV ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ယမန်နေ့နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ခုတ်ထွင်ရှင်းလင်းရာတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်၍ ဝန်ထမ်းအင်အား ၂၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## သနပ်ပင်မြို့နယ်၌ မြေပဲမျိုးစေ့ချစက်ဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

သနပ်ပင် ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ဆီထွက်သီးနှံ (ဆောင်းမြေပဲ)အား မြေပဲမျိုးစေ့ချစက်ဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကလိုင်ကျေးရွာရှိ မြေပဲစိုက်တောင်သူ ဦးရဲမြင့်၏ လယ်မြေ ငါးဧက၌ ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြစိုက်ပျိုးပွဲသို့ သနပ်ပင်မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ကြူကြူမြင့်နှင့် မြေပဲစိုက်တောင်သူများ တက်ရောက်ကြကာ ဆီထွက်နှုန်းကောင်းမွန်ပြီး ဈေးကွက်ခိုင်မာမှုရှိသည့် အထွက်နှုန်းကောင်း ဗီယက်နမ်မြေပဲမျိုးအား မြေပဲမျိုးစေ့ချစက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးပေးခဲ့ကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ဆောင်းမြေပဲ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် နည်းပညာများအား အသိပညာပေးဆွေးနွေးသည်။

သနပ်ပင်မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဆီထွက်သီးနှံဆောင်းမြေပဲ ဧက ၉၅၀၀ စိုက်ပျိုးနိုင်ရေး ရည်မှန်းချက်ထားရှိပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီကျော်လွန်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ပံ့ပိုးမှုဖြင့် မျိုးကောင်းမျိုးသန့် မြေပဲမျိုးများအား တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**



ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၂၄၂ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | အောင်ဇေယျာဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးကြီး | မျိုးကိုကိုဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်မှူးကြီး | စိုင်းကမ္ဘာစိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒုတိယဗိုလ်မှူးကြီး | သူရိန် | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး | လှိုင်မျိုးထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်မှူးကြီး | ရဲဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်မှူးကြီး | ဝင်းဟန်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒုတိယဗိုလ်မှူးကြီး | ရဲဇော်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်မှူး | ရဲကျော်သူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူး | မင်းသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်မှူး | ဇော်မင်းသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဗိုလ်မှူး | စိုးလှိုင်ဝင်းသန့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဗိုလ်မှူး | ရဲထွဋ်ဟန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဗိုလ်မှူး | ကျော်သူရ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဗိုလ်မှူး | သက်ဝေနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဗိုလ်မှူး | ထွန်းလွင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဗိုလ်မှူး | အောင်မြတ်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဗိုလ်မှူး | အောင်စိုးဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူး | ခင်မောင်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဗိုလ်မှူး | နေဝင်းထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဗိုလ်မှူး | မင်းစိုးကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်မှူး | ကျော်ဇောဟိန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်မှူး | ဖြိုးစံအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဗိုလ်မှူး | တိုးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဗိုလ်မှူး | စိုးလင်းဖြိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဗိုလ်မှူး | တင်ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဗိုလ်မှူး | ဇေယျာမျိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဗိုလ်မှူး | တင်ထွန်းလင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဗိုလ်ကြီး | နိုင်လင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ဗိုလ်ကြီး | ထွန်းဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | ဗိုလ်ကြီး | ရန်လင်းနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | ဗိုလ်ကြီး | ဖြိုးမြင့်မြတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | ဗိုလ်ကြီး | ဝေလင်းစိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | ဗိုလ်ကြီး | ရဲလင်းကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | ဗိုလ်ကြီး | ဝေယံစိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဗိုလ်ကြီး | ဟန်မင်းဇော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဗိုလ်ကြီး | ဇော်ဝင်းရှိန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဗိုလ် | ဇာနီထက်မောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၅။ | ၇၅၉၂၇၇ | ဒုတိယအရာခံဗိုလ် မြင့်ဇော် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များ**
**ရဲသူရတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယရဲမှူးကြီး | ရွှေသန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ရဲမှူး | ဝင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ဒုတိယရဲမှူး | အောင်ဆွေ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | ရဲအုပ် | နောင်နောင်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ဒုတိယရဲအုပ် | အောင်မြင့်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဦးဝင်းနိုင်လင်း | ညွှန်ကြားရေးမှူး | အကျဉ်းဦးစီးဌာန |
| ၂။ | ဦးသက်မျိုးခိုင် | လက်ထောက်ညွှန်ကြားရေးမှူး | အကျဉ်းဦးစီးဌာန |
| ၃။ | ဒုတိယရဲမှူး | နိုင်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | ရဲအုပ် | ဝင်းလှိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ရဲအုပ် | ကျော်သူရ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | ရဲအုပ် | သက်ဇော်လတ် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇။ | ရဲအုပ် | ကျော်ညီညီထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈။ | ရဲအုပ် | မျိုးမင်းအေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉။ | ဒုတိယရဲအုပ် | ကျော်ဇင်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀။ | ဒုတိယရဲအုပ် | မျိုးမြင့်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁။ | ဒုတိယရဲအုပ် | တင်ဝင်းလှိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂။ | လ ၁၇၀၅၈၉ | ရဲတပ်ကြပ်ကြီး အောင်ကျော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၃။ | လ ၁၈၈၆၈၇ | ရဲတပ်ကြပ်ကြီး အောင်မျိုးသန့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၄။ | လ ၁၉၃၆၇၆ | ရဲတပ်ကြပ်ကြီး ရှိန်းကိုကိုကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၅။ | လ ၁၉၈၁၀၃ | ရဲတပ်ကြပ်ကြီး အောင်မြို့လွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၆။ | လ ၂၀၄၉၇၄ | ရဲတပ်ကြပ်ကြီး ဇော်ဝင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇။ | လ ၂၀၇၅၈၂ | ရဲတပ်ကြပ်ကြီး ကျော်ကျော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈။ | လ ၂၃၁၁၈၂ | ရဲတပ်ကြပ်ကြီး နိုင်လင်းမြင့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉။ | က ၄၁၉၄ | လက်ထောက်ကြီးကြပ်ရေးမှူး(၁) သန့်ဇင် | အကျဉ်းဦးစီးဌာန |
| ၂၀။ | က ၄၂၁၁ | လက်ထောက်ကြီးကြပ်ရေးမှူး(၁) လွင်ပိုင်စိုး | အကျဉ်းဦးစီးဌာန |
| ၂၁။ | က ၄၆၆၆ | လက်ထောက်ကြီးကြပ်ရေးမှူး(၁) စပ်ဝေလွင် | အကျဉ်းဦးစီးဌာန |
| ၂၂။ | လ ၁၃၁၆၃၃ | ရဲတပ်ကြပ် အောင်တိုးလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၃။ | လ ၁၅၉၄၁၄ | ရဲတပ်ကြပ် ဟန်ဝင်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၄။ | လ ၁၇၄၈၁၈ | ရဲတပ်ကြပ် သိန်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၅။ | လ ၁၉၁၂၆၉ | ရဲတပ်ကြပ် သန်းဇော်ထူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၆။ | လ ၂၃၁၈၆၈ | ရဲတပ်ကြပ် အောင်သန်းဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၇။ | လ ၂၃၅၄၃၈ | ရဲတပ်ကြပ် ထွန်းထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၈။ | လ ၂၄၇၆၀၁ | ရဲတပ်ကြပ် မိုးမြင့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၉။ | လ ၂၅၆၁၉၉ | ရဲတပ်ကြပ် ဖြိုးမင်းဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၀။ | က ၃၁၀၁၉ | တပ်ကြပ် အောင်နိုင်ဝင်း | အကျဉ်းဦးစီးဌာန |
| ၃၁။ | လ ၁၈၅၆၇၄ | ရဲဒုတိယတပ်ကြပ် ယဉ်မင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၂။ | လ ၂၂၃၇၇၄ | ရဲဒုတိယတပ်ကြပ် ဆန်နီဖုန်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၃။ | လ ၂၃၄၀၉၀ | ရဲဒုတိယတပ်ကြပ် ဝေလွင်ဖြိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၄။ | လ ၂၃၉၆၅၉ | ရဲဒုတိယတပ်ကြပ် အာကာမင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၅။ | လ ၂၅၆၆၀၁ | ရဲဒုတိယတပ်ကြပ် အောင်စိုးမင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၆။ | လ ၂၅၈၇၂၁ | ရဲဒုတိယတပ်ကြပ် ဇင်မင်းသက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၇။ | လ ၂၇၁၂၈၄ | ရဲဒုတိယတပ်ကြပ် သန်းအေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၈။ | က ၃၀၂၈၀ | ဒုတိယတပ်ကြပ် မျိုးလွင် | အကျဉ်းဦးစီးဌာန |
| ၃၉။ | က ၃၂၁၁၃ | ဒုတိယတပ်ကြပ် ဇော်ဇော် | အကျဉ်းဦးစီးဌာန |
| ၄၀။ | လ ၂၃၅၅၃၉ | ရဲတပ်သား ညီညီကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၁။ | လ ၂၃၉၇၀၈ | ရဲတပ်သား သိန်းဇော်နိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၂။ | လ ၂၄၁၃၃၅ | ရဲတပ်သား ဟိန်းနေထူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၃။ | လ ၂၄၂၇၄၃ | ရဲတပ်သား တင်ဇော်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၄။ | လ ၂၄၂၇၇၄ | ရဲတပ်သား ကျော်ရဲအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၅။ | လ ၂၄၃၁၈၉ | ရဲတပ်သား ဘိုဘိုအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၆။ | လ ၂၅၃၁၈၇ | ရဲတပ်သား သက်ထွန်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၇။ | လ ၂၅၄၃၀၅ | ရဲတပ်သား စန်းလိုင်းထောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၈။ | လ ၂၆၇၄၈၄ | ရဲတပ်သား စံလင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၉။ | လ ၂၆၇၇၃၅ | ရဲတပ်သား သက်ပိုင်သူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၀။ | လ ၂၆၉၄၃၇ | ရဲတပ်သား ထိန်လင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၁။ | လ ၂၇၄၃၁၁ | ရဲတပ်သား ငြိမ်းချမ်းမင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၂။ | လ ၂၇၅၅၃၅ | ရဲတပ်သား ဘိုဘိုထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၃။ | လ ၂၇၆၂၁၅ | ရဲတပ်သား ထွန်းအောင်ကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၄။ | လ ၂၈၄၀၁၀ | ရဲတပ်သား ငြိမ်းချမ်းမောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၅။ | လ ၂၈၄၄၇၉ | ရဲတပ်သား မျိုးလှိုင်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၆။ | လ ၂၈၄၅၀၈ | ရဲတပ်သား အောင်ဖြိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၇။ | လ ၂၈၅၀၆၀ | ရဲတပ်သား သန်းစိုးထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၈။ | လ ၂၈၅၂၁၆ | ရဲတပ်သား ဇေယျာရှိန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၉။ | လ ၂၈၅၅၉၅ | ရဲတပ်သား မျိုးသန့်ဆွေ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၀။ | လ ၂၈၅၈၇၀ | ရဲတပ်သား ကျော်ထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၁။ | လ ၂၉၀၅၀၂ | ရဲတပ်သား မျိုးဝင်းထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၂။ | လ ၂၉၁၈၂၆ | ရဲတပ်သား ဖိုးသကြိန် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၃။ | လ ၂၉၁၈၂၉ | ရဲတပ်သား အားဖူဆာ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၄။ | လ ၂၉၁၈၄၅ | ရဲတပ်သား မင်းမင်းထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၅။ | လ ၂၉၂၀၆၁ | ရဲတပ်သား အာကာကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၆။ | က ၃၅၄၅၂ | တပ်သား ချစ်ထွေး | အကျဉ်းဦးစီးဌာန |
| ၆၇။ | က ၃၈၁၂၆ | တပ်သား ဇင်ယော်အောင် | အကျဉ်းဦးစီးဌာန |
| ၆၈။ | က ၄၁၈၄၄ | တပ်သား စိုးအိုက်ခွန် | အကျဉ်းဦးစီးဌာန |

**စာမျက်နှာ ၄ သို့** ❖

❖ စာမျက်နှာ ၃ မှ

**ရဲဗလတံဆိပ်(အဆက်)**

| | | | |
|---|---|---|---|
| ၆၉။ | က ၄၁၈၄၅ | တပ်သား လိန်တုန်းနှုန်း | အကျဉ်းဦးစီးဌာန |
| ၇၀။ | ဒေါ်ခင်မိုးဆွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၁။ | မခင်မြင့်မြင့်ဟန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၂။ | ဒေါ်စန်းအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၃။ | မမေလမင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၄။ | ဒေါ်နှင်းဦးမေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၅။ | ဒေါ်ခင်မာဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၆။ | ဒေါ်ခင်စန်းရီ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၇။ | ဒေါ်ဖြူလင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၈။ | ဒေါ်နီလာဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၉။ | မောင်ဇော်ထက်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၀။ | ဒေါ်ဇင်မာဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၁။ | ဒေါ်သေးသွယ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၂။ | ဒေါ်သေးလီ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၃။ | ဒေါ်နန်းအိချော | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၄။ | ဒေါ်အိအိခိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၅။ | ဦးသိန်းဝင်း | | မကွေးတိုင်းဒေသကြီး |
| ၈၆။ | ဦးဖိုးငြိမ်း | | မကွေးတိုင်းဒေသကြီး |
| ၈၇။ | ဦးကျော်မြင့်ဦး | | မကွေးတိုင်းဒေသကြီး |
| ၈၈။ | ဦးစိုးစိုး | | မကွေးတိုင်းဒေသကြီး |
| ၈၉။ | ဦးဝင်းမင်းထွေး | | မကွေးတိုင်းဒေသကြီး |
| ၉၀။ | ဦးရဲသီဟ | | မကွေးတိုင်းဒေသကြီး |
| ၉၁။ | ဦးထက်ဇော် | | မကွေးတိုင်းဒေသကြီး |
| ၉၂။ | ဦးဇင်ကိုမောင် | | မကွေးတိုင်းဒေသကြီး |
| ၉၃။ | ဦးစည်သူအောင် | | ရှမ်းပြည်နယ် |
| ၉၄။ | ဦးလီရှင်းမင်(ခ) အိုက်ရှန် | | ရှမ်းပြည်နယ် |
| ၉၅။ | ဦးကျန်းဝင်စု(ခ) တင်ထက်အောင် | | ရှမ်းပြည်နယ် |
| ၉၆။ | ဦးကျန်းပီးလှိုင်(ခ)မျိုးမင်းထွန်း | | ရှမ်းပြည်နယ် |
| ၉၇။ | ဟောင်ရှိမ်း(ခ) နိုင်တင်ထွဋ် | | ရှမ်းပြည်နယ် |
| ၉၈။ | ဦးအိုက်ပီး | | ရှမ်းပြည်နယ် |
| ၉၉။ | ဦးထွန်းလှ | | ရှမ်းပြည်နယ် |
| ၁၀၀။ | ဦးအိုက်နပ် | | ရှမ်းပြည်နယ် |
| ၁၀၁။ | ဦးမုန်အောင်(ခ)ပြည့်ဖြိုးအောင် | | ရှမ်းပြည်နယ် |
| ၁၀၂။ | ဦးလှိုင်ထက်ဝေယံ(ခ)ဝေယံ | | ရှမ်းပြည်နယ် |
| ၁၀၃။ | ဦးအောင်မင်းထက်(ခ)လီချင်ခွေ့ | | ရှမ်းပြည်နယ် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၇**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် တရုတ်နိုင်ငံ ပေကျင်းမြို့ ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပပြုလုပ်သည့် (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

**တက်ရောက်**

အစည်းအဝေး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် မြန်မာနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဆုပ်ချန်ဒါဆိုဖီအာ (Mr. Sok Chenda Sophea)၊ လာအိုနိုင်ငံ လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီဝင်နှင့် လာအိုပြည်သူ့တော်လှန်ရေးပါတီ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ သောန်ဆာဗန်ဖုန်ဗီဟာန် (Mr. Thongsavanh Phomvihane)၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပန်ပရီဘာဟီဒါနူကာရာ (Mr. Parnpree Bahiddha Nukara)နှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗွီသန်းစွန်း (Mr. Bui Thanh Son) တို့ တက်ရောက်ကြသည်။



နိုင်ငံခြားရေးဝန်ကြီးများသည် အစည်းအဝေး၌ မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုနှင့် အလားအလာများကို ပြန်လည်သုံးသပ်ကြပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(၈)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး အစည်းအဝေးရလဒ်များအပေါ် ရှင်းလင်းပြောကြားသည်။



**တည်ခင်းဧည့်ခံ**

ထို့နောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဖြစ်ပြီး ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ပိုမိုရှင်သန်ခိုင်မာစေရေး ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်ပြီး မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအား အထောက်အကူပြုနိုင်စေရန်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ စီမံကိန်း ၁၀၆ ခု အတွက် စုစုပေါင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ သန်းကို မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆုပ်ဂျန်ဒါ ဆိုဖီအာ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပန်ပရီ ဘာဟီဒါ နူကာရာ တို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလအတွင်း သီးခြားဆွေးနွေးပွဲ အဖြစ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကမ္ဘော ဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဌာန ဝန်ကြီး မစ္စတာ ဆုပ်ဂျန်ဒါ ဆိုဖီအာ တို့သည် ယနေ့နံနက် ၉ နာရီတွင် ကျောက်ယွိထိုင် နိုင်ငံတော် ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကမ္ဘော ဒီးယားနိုင်ငံတို့အကြား ကာလရှည်ကြာတည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာ စေရေး၊ ခရီးသွားလုပ်ငန်း၊ သာသနာရေး၊ ယဉ်ကျေးမှု ကဏ္ဍများနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေး ကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်သွားရေး နှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအပြန်အလှန် ထောက်ခံရပ်တည်ရေးကိစ္စရပ် များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ခဲ့ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပန်ပရီ ဘာဟီဒါ နူကာရာတို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

အလားတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ပန်ပရီ ဘာဟီဒါ နူကာရာတို့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ပေကျင်းမြို့ရှိ China World ဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်ဖက်ဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် မြန်မာ-ထိုင်း နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံ ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် ဆောင်ရွက်သွားရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေး၊ နယ်စပ်ဒေသရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေး အပ်နိုင်မှု အလားအလာများ၊ မြန်မာနိုင်ငံ အရှေ့ မြောက်နယ်စပ်ဒေသများတွင် ပိတ်မိနေသည့် ထိုင်းနိုင်ငံသားများကို နေရပ်ပြန်လည်ပို့ဆောင်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမား များအနေဖြင့် တရားဥပဒေအရ ၎င်းတို့ ရပိုင်ခံစား ခွင့်များရရှိစေရေးနှင့် အကာအကွယ်ပေးသွားရေး၊ နှစ်နိုင်ငံအကြား အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလွင်ဦး အကြိမ် (၂၀)မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၇


နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သည် အကြိမ် (၂၀)မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် အိန္ဒိယသမ္မတ နိုင်ငံ နယူးဒေလီမြို့သို့ ဒီဇင်ဘာ ၄ ရက်မှ ၆ ရက် အထိ သွားရောက်ခဲ့ပြီး ယနေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲတက်ရောက်**

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၆ ရက် ဒေသ စံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် နယူးဒေလီမြို့ရှိ ဟိုက်ဒြာဘတ် အစိုးရဧည့်ဂေဟာ၌ ကျင်းပသည့် အကြိမ်(၂၀) မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံ ခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်း ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဆွေးနွေးပွဲတွင် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေး အတွင်းဝန် မစ္စတာ ဗီနေး မိုဟန် ကွာထရာနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များနှင့် နယ်စပ် ဒေသ ပူးပေါင်းဆောင်ရွက်ရေး၊ လုံခြုံရေးနှင့်ကာကွယ် ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ကုန်သွယ် ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ၊ ကောင်စစ်ဆိုင်ရာနှင့် ယဉ်ကျေးမှု ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များကို နှစ်ဖက်ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဆိုင်ရာ



မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗီနေးကူမား၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ နယူးဒေလီမြို့နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးသည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ အား ဒေသ စံတော်ချိန် ညနေ ၅ နာရီတွင် ပြည်ပရေးရာဝန်ကြီး၏ ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီး သည့်ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက် သွားရေး၊ ပေါင်းစည်းချိတ်ဆက်မှု ကဏ္ဍအပါအဝင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် တွံတေးမြို့နယ် မွေးမြူရေးအထူးဇုန်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တွံတေးမြို့နယ် တလုတ္တော် ကျေးရွာအနီးရှိ မွေးမြူရေးအထူးဇုန် စီမံကိန်း ကို သွားရောက်ကြည့်ရှုစစ်ဆေး သည်။



ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက မွေးမြူရေးအထူးဇုန် အတွင်း မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ငါး၊ နို့စားနွားနှင့် အသားတိုးနွားများ အောင်မြင်စွာ မွေးမြူထားရှိမှု၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်နေမှု၊ ဇုန်အတွင်း အကွက်များ စနစ်တကျ နေရာချထားမှုနှင့် နွားနို့ထုတ်လုပ်နေမှု အခြေအနေ များကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မွေးမြူရေးဇုန် အတွင်း ဘဲနှင့် ဆိတ် အကောင်ရေ တိုးမြှင့်မွေးမြူရန်၊ မွေးမြူရေးဇုန် အတွင်း ရောဂါပိုးမွှားများ ကျရောက်မှုမရှိစေရေး အလေး ထားဆောင်ရွက်ရန်၊ ရေလိုအပ် မှုကို ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ရန် ဇုန်အတွင်းရှိ ခြံဝင်း တိုင်းတွင် ရေစုကန်များ တူးဖော် ထားရှိရန် မှာကြားပြီး လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေး သည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့ သည် မွေးမြူရေးအထူးဇုန် ၃ ရှိ ရော်ဘာ စိုက်ခင်းများအတွင်း ဒေသကြက်အကောင်ရေ ၃၇၀ မွေးမြူထားရှိမှုနှင့် ကြက် အကောင်ပေါက်ဖွားမှု အခြေအနေ ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

တွံတေးမြို့နယ် မွေးမြူရေး အထူးဇုန် သုံးခုအတွင်း လုပ်ငန်း ရှင် ၁၆ ဦးတို့က အသားတိုးကြက် အကောင်ရေ ၁၇၅၀၀၊ ငါး အကောင်ရေ ၅၅၀၀၀၊ ဆိတ် အကောင်ရေ ၁၆၁၇၊ ဒေသ ကြက်အကောင်ရေ ၆၃၁ ကောင်၊ ဥစားကြက်အကောင်ရေ ၅၀၀၊ ဥစားဘဲ အကောင်ရေ ၄၀၀၀၊ နို့စားနွားအကောင်ရေ ၇၀ မွေးမြူ ထားရှိပြီး ယနေ့အထိ အသားတိုး ကြက် ပိဿာချိန် ၁၇၂၀၀ ပိဿာ၊ ဘဲဥအလုံးရေ ၅၅၂၈၅ လုံး နှင့် နွားနို့ပိဿာချိန် ၄၇၃ ပိဿာ ထုတ်လုပ်ပြီးဖြစ်ကြောင်း သိရ သည်။ **သတင်းစဉ်**

# ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ (၂/၂၀၂၃) အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ကုန်ဈေးနှုန်း တည်ငြိမ်ရေး လုပ်ငန်းအဖွဲ့များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ ဦးဆောင်၍ ဖွဲ့စည်းဆောင်ရွက်လျက် ရှိကြောင်း၊ ကော်မတီအနေဖြင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် အဓိကကျသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စု ဝန်ကြီးများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ ကျင်းပပြီး အဓိက စားသောက်ကုန်ဖြစ်သည့် ဆန်၊ စားသုံးဆီ ဈေးနှုန်းများတည်ငြိမ်ရေး ဆွေးနွေးခဲ့ကြောင်း။

စားအုန်းဆီ ဖြန့်ဝေရန်လျာထားမှု၊ သတ်မှတ်သည့်နေရာသို့ အမှန်တကယ် ရောက်ရှိမှု ရှိ/မရှိ၊ ဈေးကွက်အတွင်း အမှန်တကယ် ဖြန့်ဖြူးရောင်းချပေးမှု ရှိ/မရှိ ကြပ်မတ် ဆောင်ရွက်ရေး၊ စားအုန်းဆီ တင်သွင်းမှုပမာဏ အပြည့်အဝ ဖြစ်စေရေးနှင့် ပြည်ပသို့ ဆန်တင်ပို့မည့်သူများကို သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီးမှ လိုင်စင်ထုတ်ပေးနိုင်ရေးတို့ကို ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်း ကြီးကြပ်ရေးကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ ဒေသအရောက် စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများ သတ်မှတ်ထုတ်ပြန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်ထဲသို့ အမှန်တကယ် ဖြန့်ဖြူးရောင်းချပေးရန် တိုင်းဒေသကြီး/ပြည်နယ် ကုန်ဈေးနှုန်း တည်ငြိမ်ရေး လုပ်ငန်းအဖွဲ့များက စနစ်တကျကြပ်မတ်သွားရန် လိုအပ်ကြောင်း။

**ဆွေးနွေး**

ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီအနေဖြင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းတို့မှ ကိုယ်စားလှယ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး ဆန်စပါးဥပဒေပြဋ္ဌာန်းနိုင်ရေးနှင့် ၂၀၂၃ ခုနှစ် မိုးစပါးပေါ်ချိန် ဆန်စပါးဝယ်ယူရာတွင် သင့်တင့်မျှတသော ဈေးနှုန်းများဖြစ်စေရန် ရည်ညွှန်းဈေးများဖြင့် ဝယ်ယူရေးတို့နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း။

လက်ရှိအချိန်တွင် ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်း၊ ပို့ကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်း၊ ဆန်စက်မှတ်ပုံတင်ခြင်း လုပ်ငန်းများကို Digital နည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် Myanmar Rice Online(MyRO) စနစ်ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဆန်စပါးသိုလှောင်မှုများ စနစ်တကျရှိစေရေးအတွက် စပါးတင်း ၅၀၀၀ (သို့) ဆန်တန် ၅၀ အထက် ဆန်စပါးသိုလှောင်မှု အခြေအနေတို့ကို Myanmar Rice Online (MyRO)တွင် မှတ်ပုံတင်ခြင်းဖြင့် ဆန်စပါးဈေးကွက် တည်ငြိမ်မှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သင့်တင့်မျှတ တည်ငြိမ်သော ဆန်ဈေးကွက်နှင့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး အာဏာပိုင်အဖွဲ့ အနေဖြင့်လည်း နိုင်ငံအတွင်း အခြေခံစားသုံးသူပြည်သူများအတွက် ကျန်းမာရေးနှင့် ပိုမိုညီညွတ်သော စားသုံးဆီများ ထုတ်လုပ်၊ တင်ပို့၊ ဖြန့်ဖြူး၊ ရောင်းချနိုင်ရေးနှင့် စပ်လျဉ်းပြီး စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

မိုးသီးနှံများ စိုက်ပျိုးခြင်းနှင့် ပတ်သက်ပြီး စိုက်ပျိုးမြေများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် အထွက်နှုန်းကောင်းစေရေး ဆောင်ရွက်ရန် အဓိက အလေးထားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ဧက၊ အထွက်နှုန်းတို့နှင့် ပတ်သက်သည့် စာရင်းအင်းကိန်းဂဏန်း အချက်အလက်များသည် လက်တွေ့မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ အခြေခံစားသောက်ကုန်ပစ္စည်း ဈေးနှုန်းများအခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး ဈေးနှုန်းပြောင်းလဲမှု ဖြစ်ပေါ်ပါက အကြောင်းရင်းကို သေချာစိစစ်ဖော်ထုတ်၍ ဖြေရှင်းပေးနိုင်ရေး၊ ယင်းအခြေအနေကို အခွင့်ကောင်းယူပြီး ဈေးကစားခြင်း မဖြစ်ပေါ်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်နိုင်ရန် လိုအပ်ကြောင်း၊ ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်သွားရန် အတွက် ပြည်ထောင်စုအဆင့်ကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စားသုံးဆီ ဖြန့်ဖြူးခြင်းလုပ်ငန်းများ စနစ်တကျရှိစေရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက မိမိတို့ ဒေသ/ဌာနအလိုက် စားသောက်ကုန်ပစ္စည်း ထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်စေရေး ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်ဈေးနှုန်း တည်ငြိမ်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# “စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး”ခေါင်းစဉ်ဖြင့် (၂၈)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုတွင် အဓိကမဏ္ဍိုင် တစ်ခုဖြစ်သည့် စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းဆောင်ရွက်နိုင်ရေးအတွက်သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ပညာရှင်များက ရှုထောင့်ပေါင်းစုံမှ သုံးသပ်ဆွေးနွေးဖော်ထုတ်နိုင်ကြစေရန် စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၂၈)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ညနေပိုင်းက အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပညာရှင်များက စက်မှုလယ်ယာ ကူးပြောင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ လယ်ယာသုံး စက်ကိရိယာများကို တောင်သူများတွင်တွင်ကျယ်ကျယ် သုံးစွဲလာစေရေး ဆောင်ရွက်သင့်သည့်လုပ်ငန်းများ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေးအင်ဂျင်နီယာများ ထွက်ပေါ်လာရေးအတွက် သင်ကြားရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို တည်ဆဲမြေယာဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန် သတိပြုသင့်သည့်အချက်များကို ရှင်းလင်း ဆွေးနွေးကြသည်။

ရှင်းလင်းချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဦးဗိုလ်ဗိုလ်ကျော်နှင့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ညောင်ရွှေမြို့၌ ကျင်းပ

**ညောင်ရွှေ ဒီဇင်ဘာ ၇**

(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

**ဖတ်ကြား**

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက ဖတ်ကြားသည်။

ဆက်လက်၍ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# အမှောင်ခွင်း၍ အလင်းဆောင်ပေးကြသူများသို့ ဂုဏ်ပြုဖော်ညွှန်း စာမော်ကွန်း

၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်၌ ၁၃-၁၂-၂၀၂၃ ရက်နေ့တွင် ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ကျင်းပပေတော့မည်။

နွေကုံကော်(မြို့လှ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က ကျင်းပသည့် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အမျိုးသားစာပေတစ်သက်တာစာပေဆုရှင်ကြီးများရော၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူ ရေးဖော်ရေးဖက် ဆရာ ဆရာမများ၊ ခင်မင်အားကျရသည့် ဆရာကြီး ဆရာမကြီးများအတွက် ရင်ထဲမှ လှိုက်လှဲဝမ်းသာစွာ ပီတိဖြစ်မိပါသည်။ "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟူသည့် စာပေဗိမာန်ဆောင်ပုဒ်နှင့်အညီ စာပေသည် ခေတ်အဆက်ဆက်သော အလင်းတန်းများကို ဆောင်လျက်ရှိနေပါသည်။ ထိုအလင်းတန်းများ၏ စွမ်းပကားဖြင့် ပြည်သူတို့ နားမျက်စိများ ပွင့်ခဲ့ကြရသည်။

**သမိုင်းစဉ်ဆက်**
**ခံ့ညားထည်ဝါစွာ ရပ်တည်**

မြန်မာတို့၏ အမျိုးသားစာပေသည် သမိုင်းစဉ်ဆက် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ခဲ့သည်။ ဆရာ့ ဆရာပေါင်းမြောက်မြားစွာကလည်း ရှာဖွေပြုစုတင်ပြခဲ့ကြပြီးဖြစ်၏။ ယင်းတို့ ဖောက်လုပ်ပေးခဲ့သော လမ်းကြောင်းပေါ်တွင် ကျွန်တော်အပါအဝင် မျိုးဆက်သစ်ပေါင်းများစွာ လျှောက်လှမ်းနေကြသည်။ အချို့ကလည်း ကလောင်ကိုင်စွဲလျက် သမိုင်းပေးတာဝန်ဟုဆိုရမည့် စာပေလမ်းကြောင်းကို ဆက်လက်ထိန်းသိမ်းနေကြလျက်ရှိသည်။ စာပေရေးသားခြင်းအတတ်ပညာ မရှိသည့်တိုင် စာပေမှရရှိသော အတွေ့အကြုံများဖြင့် ဘဝကို ထိန်းကျောင်းနေကြသူများလည်းရှိသည်။

ယခုနှစ်အတွင်း အမျိုးသားစာပေတစ်သက်တာဆုရရှိသူများထဲတွင် ကျွန်တော်တို့ ငယ်စဉ်ကတည်းက ရင်းနှီးခဲ့သော ကလောင်ရှင်ကြီးများဖြစ်သည့် ဆရာကြီး ချစ်စံဝင်းနှင့် ဆရာမကြီး ကြူကြူသင်းတို့ ပါဝင်လာကြသည်။ မိမိတို့ တတ်ကျွမ်းသည့် သုတ၊ ရသ ကလောင်အစွမ်းဖြင့် အမျိုးသားရေးတာဝန်များကို ထမ်းရွက်ခဲ့သည့်အတွက် နိုင်ငံတော်က ယခုကဲ့သို့ အသိအမှတ်ပြုခြင်းအတွက် ကာယကံရှင်များအနေဖြင့် လွန်စွာဝမ်းမြောက်ကြမည်မှာ မလွဲဧကန်ပါ။

အမျိုးသားစာပေဆုရ ကဗျာစာအုပ် "ချစ်တေးသီပါ ကျေးတမာ" စာအုပ်သည် စထွက်ချိန်ကတည်းက လူကြိုက်များခဲ့သည်။ ခင်မင်လေးစားရသည့် ဆရာကြီး မောင်စိမ်းနောင်(လယ်ဝေး) ၏ လက်ရာများသည် မြန်မာဂန္ထဝင်ကဗျာကိုချစ်သည့် လူကြီးလူငယ်မရွေး ခံစားနိုင်သည့် ရသာစုံဟင်းတစ်ပွဲပမာ။ ကြိုတင်နိမိတ်ပြုခဲ့သည့်အတိုင်း အမျိုးသားစာပေဆုကို ထိုက်တန်စွာ ရရှိခဲ့သည်။ ယခုနှစ် အမျိုးသားစာပေဆုရစာအုပ်များထဲတွင် မှတ်မှတ်ထင်ထင်အရှိဆုံးစာအုပ်က ဆရာကြီး ဝေလွင်မောင်၏ "ကိုယ်နှင့်သက်ကိုနှင်းဆက်လို့၍" စာအုပ်ပင်ဖြစ်ခဲ့သည်။

ကျွန်တော့်အနေဖြင့် ဝေလွင်မောင်ဟူသော ကလောင်ကို သိပြီးရုံမက လက်ရာများကိုလည်း ရင်းနှီးပြီးသားမို့ ချက်ချင်းပင် ထိုစာအုပ်ကိုဖတ်ဖြစ်သည်။ ယခင်ဆုရစာအုပ်များမှတစ်ဆင့် ရရှိခဲ့သော အတွေ့အကြုံများကြောင့် "ဒီစာအုပ် တစ်ခုခုရနိုင်တယ်" ဟု ကိုယ့်ဘာသာသုံးသပ်မိသည်။

နိုင်ငံရေးစာပေလား၊ စာပဒေသာလား တစ်ခုခုဟု သုံးသပ်မိခဲ့ခြင်းပါ။ ဆုစာရင်းထွက်လာချိန်တွင် စာပဒေသာအတွက် ရရှိခဲ့သည်ကို တွေ့ရှိရသည်။ ဆရာကြီး ချစ်နိုင်(စိတ်ပညာ) နှင့် ဆရာကြီး မြင်းမှူမောင်နိုင်မိုးတို့၏ အမှာစာများပါရှိသော ထိုစာအုပ်အတွက် ကျွန်တော့်အနေဖြင့် ချီးမွမ်းခန်းမဖွင့်ရဲခဲ့ပေ။ ကိုယ်နှင့်သက်ကို နှင်းဆက်လို့၍သည် နိုင်ငံ့ဝန်ထမ်းဖြစ်ကြသူများနှင့် တပ်မတော်သားများသာမက ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး ခံယူကျင့်သုံးအပ်သော ကိုယ်ကျင့်တရားများနှင့် တိုင်းပြည်ချစ်စိတ်များကို ကိုယ်ရည်သွေးခြင်းမပြုလိုသော စာရေးသူ၏ စိတ်ထားသန့်သန့်ဖြင့် ရေးသားခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

**စာရေးဆရာတိုင်း**
**မြတ်မြတ်နိုးနိုးတောင့်တကြသောဆု**

၂၀၂၂ ခုနှစ်အတွက် ကျွန်တော်ဖတ်ရှုမိသည့် အမျိုးသားစာပေဆုရ စာအုပ်နှစ်အုပ်အပေါ် ထိုသို့မြင်တွေ့ခဲ့ကြောင်း ပြောလိုခြင်းဖြစ်၏။ မဖတ်ဖြစ်သေးသည့် အခြားသောစာအုပ်များသည်လည်း တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေသည့် စာအုပ်များသာဖြစ်ပါသည်။ ထို့အတွက်ကြောင့်သာ ဆုရွေးချယ်ရေးအဖွဲ့က စနစ်တကျရွေးချယ်ခဲ့ခြင်းဖြစ်၏။ တစ်နှစ်မှာ တစ်ကြိမ်၊ တစ်ကြိမ်တွင်လည်း တစ်အုပ်တည်းသာ ချီးမြှင့်ခံရသော အမျိုးသားစာပေဆုသည် စာရေးဆရာတိုင်း မြတ်မြတ်နိုးနိုးတောင့်တကြသောဆုပင် ဖြစ်ချေသည်။ အမျိုးသားစာပေဆုဆီ မတက်လှမ်းနိုင်သေးသော မျိုးဆက်သစ်များက စာပေဗိမာန်လမ်းကြောင်းမှတစ်ဆင့် တစ်ချက်ခုတ် သုံးလေးချက်ပြတ်နည်းများဖြင့် ချီတက်ကြသည်။ မိမိအပါအဝင်ဖြစ်၏။ စာပေဗိမာန်၏ မူလရည်ရွယ်ချက်မှာကိုက အကြောင်းကြောင်းကြောင့် စာအုပ်မထုတ်ဝေ၊ ပုံမနှိပ်နိုင်သူများအတွက် ရည်ရွယ်ယှဉ်ပြိုင်စေကြောင်း အသိပေးထားပြီးဖြစ်၏။

စာပေဗိမာန်တွင် ပထမဆုရပါက နောက်နှစ်တွင် အမျိုးသားစာပေဆုအတွက် အိပ်မက်မက်ခွင့်ရှိလာကြသည်။ ယခုနှစ်တွင်လည်း ဆရာမကြီး ဝတ်ရည်ခင်(ပဲခူး)က ထိုသို့ ဆွတ်ခူးနိုင်ခဲ့သည်။ ရှေ့တစ်နှစ်တွင် ပခုက္ကူဦးအုံးဖေဆုမှတစ်ဆင့် ဆရာချစ်စုအောင်က အမျိုးသားစာပေဆုကို ဆွတ်ခူးခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်ကာလများအတွင်း ပခုက္ကူနှင့် စာပေဗိမာန် ပထမဆုရစာအုပ်အများစုမှာ အမျိုးသားစာပေဆုအတွက်ပါ အောင်မြင်မှုရသည်အထိ ရှိခဲ့သည်ကို လေ့လာမိခဲ့သည်။

အနုပညာသည် ပြည်သူ့အတွက်ဟူသည့် ခေါင်းစဉ်အောက်တွင် တိုက်ပွဲခေါ်သံ၊ သူ့ကျွန်မခံပြီ တို့ကြောင့် ကျွန်တော်တို့တွေ ငယ်စဉ်ကတည်းက မျိုးချစ်စိတ်များ ကိန်းအောင်းခဲ့ကြသည်။ ရဲဘော်ဆက်လုပ်၊ အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ၊ ဝေလည်းမွှေး ကြွေလည်းမွှေးတို့ကြောင့် တပ်မတော်သားဘဝကို ခံ့မင်ကာ နိုင်ငံတော်ကာကွယ်လိုစိတ်များ တဖွားဖွားဖြစ်လာခဲ့ရသည်။

**❝** **အနုပညာသည် ပြည်သူ့အတွက်ဟူသည့် ခေါင်းစဉ်အောက်တွင် တိုက်ပွဲခေါ်သံ၊ သူ့ကျွန်မခံပြီတို့ကြောင့် ကျွန်တော်တို့တွေ ငယ်စဉ်ကတည်းက မျိုးချစ်စိတ်များ ကိန်းအောင်းခဲ့ကြသည်။ ရဲဘော်ဆက်လုပ်၊ အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ၊ ဝေလည်းမွှေး ကြွေလည်းမွှေးတို့ကြောင့် တပ်မတော်သားဘဝကို ခံ့မင်ကာ နိုင်ငံတော်ကာကွယ်လိုစိတ်များ တဖွားဖွားဖြစ်လာခဲ့ရသည်။ စာပေမြင့်မှ လူမျိုးတင့်မည်ဟု ဆိုကြသည်။ ထို့အတွက် စာများများဖတ်ကြရပေမည်။ မည်သူတွေ စာဖတ်ရမည်နည်းဟုဆိုလျှင် အရွယ်တိုင်း အရွယ်နှင့်လျော်ညီသည့်စာပေကို ဖတ်ကြမှသာ စာပေရေသောက်မြစ် စဉ်ဆက်မပြတ်ရှင်သန်ဖွံ့ဖြိုးနေမည်** **❞**

ကြိုးကြာတောင်ပံခတ်သံမှ ချင်းတောင်လတ်ငြိမ်းဟူသော ဇာတ်ကောင်သည် ပြည်သူများကို ရသတစ်ခုပေးစွမ်းနိုင်ခဲ့သည်။ ရိုးမပေါ်ကျတဲ့ မျက်ရည်သည်လည်း ကျွန်တော်တို့အတွက် ရသမျိုးစုံ ခံစားခဲ့ရသည်။ စာပေမြင့်မှ လူမျိုးတင့်မည်ဟု ဆိုကြသည်။ ထို့အတွက် စာများများဖတ်ကြရပေမည်။ မည်သူတွေ စာဖတ်ရမည်နည်းဟုဆိုလျှင် အရွယ်တိုင်း အရွယ်နှင့်လျော်ညီသည့် စာပေကို ဖတ်ကြမှသာ စာပေရေသောက်မြစ် စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးနေမည်ဖြစ်သည်။

**ကလောင်သွားတို့**
**ထက်သည်ထက် ထက်လာကြမည်**

စာပေဖြင့် လောကအလှဆင်နေသည့် မီးရှူးတန်ဆောင်များအနေဖြင့်လည်း စာပေမီးစာကို အစဉ်ဖြည့်ပေးနေမှသာ ကလောင်သွားတို့ ထက်သည်ထက် ထက်လာကြမည်ဖြစ်၏။ စာမဖတ်ဘဲ စာရေးခြင်းသည် အလွန်အန္တရာယ်များပေသည်။ ယနေ့ခေတ်တွင် ဖုန်းတစ်လုံးရှိရုံဖြင့် မိမိယုံကြည်ထင်မြင်ရာကို လွတ်လပ်စွာရေးသားတင်ပြနိုင်သည်။ အွန်လိုင်းတွင် မိမိစိတ်ကြိုက်ရေးတင်ခြင်းအတွက် မည်သည့်အယ်ဒီတာမျှမလို။ မည်သူ့ကိုမျှ ဆရာတင်နေစရာမလိုပေ။ ဆရာမရှိသည့်အတွက် အချို့သောစာများသည် လိုရာမရောက် ခရီးမပေါက်။ စာပေပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပါက ဝါရင့် သမ္မာရင့် ဆရာ့ ဆရာကြီးများ၏ စစ်ဆေးမှုကို ခံယူကြရပေသည်။ ဘာသာရပ်အလိုက် ကျိုးကြောင်းဆီလျော်စွာ ရေးထုံးမှန်မှန်ဖြင့် စိတ်ဝင်စားမှုရှိအောင် ရေးသားနိုင်မှသာ ဆုအဖြစ် လက်ခံနိုင်သည့်စာအုပ်များဖြစ်လာကြသည်ကို သတိထားမိသည်။

အကဲဖြတ်ဆုရွေးချယ်ပေးကြသည့် စာပေပညာရှင်ကြီးများသည် စားသုံးသူပရိသတ်များကိုယ်စား ဦးစွာခံစားအကဲဖြတ်ပေးကြခြင်းဖြစ်လေသည်။ ထိုသို့သော ဆုရွေးချယ်ရေးစံနှုန်းများကို လိုက်နာနိုင်သူတို့ကို ပြိုင်ပွဲသို့ စာမူများ တင်သွင်းကြသည်။ မတင်ချင်သူများကလည်း မိမိတို့ဘာသာ စာအုပ်များထုတ်ဝေကာ စာပေလမ်းကြောင်းကို လျှောက်လှမ်းကြသည်။ မည်သို့ဆိုစေ ဤအရာသည် တိုင်းပြည်အတွက် ကောင်းသောအရာတစ်ခုဟုသာ မိမိအနေဖြင့် ရှုမြင်သည်။ မည်သည့်စာရေးဆရာက မည်သို့ပင် စာအုပ်ထုတ်ဝေသည်ဖြစ်စေ "စာအုပ်စာပေ လူ့မိတ်ဆွေ" ပင် မဟုတ်ပါလားလေ။ အရေးကြီးသည်မှာ မိတ်ဆွေကောင်းများဖြစ်အောင် ရေးသားရမည့် စာပေများသာဖြစ်ဖို့လိုပေသည်။ ခံယူချက်မှား ယုံကြည်ချက်မှားများဖြင့် သွေးခွဲမှိုင်းတိုက်ကာ ရေးသားထားသော စာအုပ်သည် လူ့သားတို့မိတ်ဆွေမဖြစ်နိုင်ပေ။

**အမျိုးသားစာပေဖွံ့ဖြိုးတိုးတက်ရေး**
**အလေးထား**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အစိုးရအဆက်ဆက်အနေဖြင့် အမျိုးသားစာပေဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားခဲ့ကြသည်။ သို့တိုင်အောင် ပြောင်းလဲတိုးတက်လာသော ခေတ်ရေစီးကြောင်း၏ ပွတ်တိုက်မှုများကြောင့် တဒင်္ဂအားဖြင့် ထိခိုက်မိသည်များလည်းရှိပေသည်။

စာမျက်နှာ ၈ သို့ ✻

# မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အသင်းဝင်များ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် စက်မှုဝန်ကြီးဌာနအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန် အစားထိုးရန်၊ ပို့ကုန်ရရှိရန်"စသည့် အချက်(၃) ချက်ကို လမ်းညွှန်ထားသဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်ရေး အစီအစဉ်များကို ဒေသအလိုက် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများသည် ပြည်တွင်းစီးပွားရေးကဏ္ဍတွင် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိပြီး မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်း စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော် ပါဝင်နေသည့်အပြင် နိုင်ငံ၏ GDP တိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်လည်း အဓိကပံ့ပိုးပေးနေသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

စားသောက်ကုန် ထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များအနေဖြင့် စားသုံးသူများအပေါ် ဆိုးကျိုးများသက်ရောက်မှု မရှိစေရေး၊ သန့်ရှင်းလတ်ဆတ်သော အစားအစာများ ထုတ်လုပ်ရေး၊ သက်တမ်းကုန်သို့လျှောင်မှုများ မဖြစ်ပေါ်စေရေးအတွက် အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေရှည်မျှော်မှန်းချက်အနေဖြင့် ပြည်တွင်းစိုက်ပျိုးရေး အခြေခံထုတ်ကုန်များကို တန်ဖိုးမြှင့် စားသောက်ကုန် ကုန်ချောများအဖြစ် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချပြီး ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်သည့် အရည်အသွေးမြင့် စားသောက်ကုန် လုပ်ငန်းများအဖြစ်သို့ နိုင်ငံတကာနှင့်ယှဉ်၍ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်စားသောက်ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်တွင် မျက်နှာပန်းလှစေရန်အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပြီး အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ နည်းပညာ၊ ငွေကြေးပံ့ပိုးမှုနှင့် ဈေးကွက်ရရှိရေး၊ ဈေးကွက်ချိတ်ဆက်နိုင်ရေး၊ စံချိန်စံညွှန်းဆိုင်ရာနှင့် အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ တင်ပို့နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းအား ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနေသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအမံများကို လည်းကောင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အထွေထွေအတွင်းရေးမှူးက နှစ်ချုပ်ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို လည်းကောင်း၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ နှစ်ပတ်လည်အစည်းအဝေးသို့ ပေးပို့ထားသော မေးခွန်းနှင့် အကြံပြုလွှာများကိုလည်းကောင်း ဖတ်ကြားရှင်းလင်းတင်ပြကြပြီး နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို အတည်ပြုကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ် ခန့်အပ်ခြင်းများကို ဆောင်ရွက်ကြသည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုဂ္ဂလိကသို့ ငှားရမ်းထားသည့် လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ဒိုင်းမွန်းအချိုရည်စက်ရုံနှင့် စမ်းချောင်းမြို့နယ်ရှိ ဒဂုံအချိုရည်နှင့် ရေခဲစက်ရုံတို့သို့သွားရောက်ပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုနှင့် လျှပ်စစ်ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**✪ ရှေ့ဖုံးမှ**

"တိမ်ပင်လယ်ကိုကြည့်ရှုဖို့ မနက်ပိုင်းမှ လာရောက်သူဦးရေ တစ်ရက်ကို ၅၀၊ ၆၀ လောက်ရှိတယ်။ တိမ်ပင်လယ်ကြည့်ဖို့ ညအိပ်ပြီး စောင့်တဲ့သူတွေနဲ့ဆိုရင် တော်တော်လေးများပါတယ်။ အများအားဖြင့်တော့ လူငယ်တွေပေါ့" ဟု မနန်းမွေနွံကပြောသည်။


**တိမ်ပင်လယ်ကြည့်ရှုရန်အလှဆုံးအချိန်**

နံနက် ၆ နာရီဝန်းကျင် နေစထွက်သည့်အချိန်မှ စတင်ကာ နံနက် ၁၀ နာရီဝန်းကျင်ခန့်အထိ တိမ်ပင်လယ်ကြည့်ရှုရန် အလှဆုံးအချိန်ဖြစ်ပြီး အလှဓာတ်ပုံရိုက်ကူးနိုင်ရန် ဓာတ်ပုံရိုက်စရာ နေရာများဖော်ဆောင်ထားကာ ဝင်ကြေးအနေဖြင့် ကျပ် ၄၀၀၀ ကောက်ခံသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

"တိမ်တွေက ၁၀လပိုင်းလောက်ကစပြီး ၂ လပိုင်းလောက်အထိတော့ တိမ်ရှိတယ်။ ဒါပေမဲ့ ၁ လပိုင်းလောက်အထိတော့ တိမ်များပြီး ၂ လပိုင်းလောက်မှာတော့ တိမ်နည်းသွားတယ်"ဟု ၎င်းက ပြောသည်။

တိမ်ပင်လယ် လာရောက်ကြည့်ရှုသူများအနေဖြင့် ညအိပ်တည်းခိုလိုသူများအတွက် ဘန်ဂလိုများစီစဉ်ထားရှိပြီး အခန်းခဈေးနှုန်းအနေဖြင့် နှစ်ယောက်အိပ်အခန်းဈေးနှုန်းမှာ ကျပ် ၄၀၀၀၀၊ သုံးယောက်အိပ်အခန်း ဈေးနှုန်းမှာ ကျပ် ၆၀၀၀၀၊ လေးယောက်အိပ်အခန်းခနှုန်းမှာ ကျပ် ၈၀၀၀၀ ရှိကြောင်း သိရသည်။

**MT**



---

**✻ စာမျက်နှာ ၇ မှ**

အမြန်ဆုံးပြန်လည်ကုစားနိုင်ရေး ဆောင်ရွက်သောအားဖြင့် အခြေခံအကျဆုံးသော လူငယ်များ၏ ဗလငါးတန် ခိုင်မာစေရန် ပုံဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။ အမျိုးသားရေးစာပေကို စနစ်တကျ ထိန်းသိမ်းနေချိန်တွင် တစ်ဖက်တွင်လည်း ခေတ်ဆန်ဆန် တီထွင်ဆန်းသစ်မှုများဖြင့် မြန်မာစာ မြန်မာစကားကို အလွယ်သုံးနည်းများဖြင့် ပြောဆိုရေးသားမှုများလည်း ရှိနေကြသည်။ တစ်ခေတ်မှ တစ်ခေတ်သို့ လက်ဆင့်ကမ်းယူဆောင်လာသည့် အမျိုးသားရေးတာဝန်များအတွက် လူငယ်များတွင် တာဝန်ရှိသည်ဟုဆိုကာ ပခုံးပြောင်းတာဝန်များ လွှဲအပ်နေကြသည်။ ထို့အတွက် လူငယ်စာပေပွဲတော်များကိုကျင်းပပြီး စာရိတ္တမဏ္ဍိုင် တည့်မတ်နေကြသလို စာပေဗိမာန်နှင့် အမျိုးသားစာပေဆုများတွင်လည်း လူငယ်စာပေကဏ္ဍကို ထည့်သွင်းပေးထားလျက်ရှိသည်ကို တွေ့ရှိရသည်။

ယခုနှစ် အမျိုးသားစာပေဆုတွင် ဝတ္ထုရှည်နှင့် ဝတ္ထုတိုပေါင်းချုပ်ဆုများကို မတွေ့ရသည့်အပြင် လူငယ်စာပေဆုပါ မချီးမြှင့်နိုင်ခဲ့သည်ကို တွေ့ခဲ့ရသည်။ သုတတွင် ရသပေါင်းစပ်၍ ဖန်တီးထားသော ဝတ္ထုပညာရပ်ဖြင့် လူသားတို့၏ စိတ်နှလုံးကို ဖမ်းစားနိုင်ခဲ့သော စာရေးဆရာကြီးပေါင်းများစွာ၏ ဂန္ထဝင်လက်ရာများကို ယနေ့ထက်တိုင် အများသူငါ နှုတ်ဖျားတွင် အမှတ်တရပြောနေကြဆဲဖြစ်ပါသည်။ မျိုးဆက်သစ်စာရေးသူများအနေဖြင့် နိုင်ငံတော်က သွားနေသည့်လမ်းကြောင်းပေါ်တွင် အမျိုးသားရေးအသိ အမျိုးသားရေးခံယူချက်တို့ဖြင့် အနုပညာကို အနုပညာဟုသာ မှတ်ယူကာ စာပေကလောင်ကို ကိုင်စွဲလျက်သမိုင်းပေးတာဝန်ကိုကျေပွန်စေလိုသည်။

ယနေ့ လူငယ်ဗဟိုပြုအရွေ့များသို့ ချီတက်နေချိန်တွင် လူငယ်စာပေများ ဝေဝေဆာဆာဖြစ်စေလိုပါသည်။ ဆုရခြင်း၊ မရခြင်းသည် ပြိုင်ပွဲတို့၏ ဖြစ်မြဲအတိုင်းသာ ရှိနေပေမည်မို့ စာရေးဆရာဘဝကို မြတ်နိုးတန်ဖိုးထားသော စာရေးသူများအနေဖြင့် ကိုယ့်တာဝန် ကိုယ်ကျေပွန်နေဖို့သာ လိုပေသည်။ အနှစ်ချုပ်ရလျှင် –

"ငါ့စာဖတ်၍၊ မမြတ်တိုင်စေ
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ
တွေ့ငြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူ့ပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ
မလုပ်ပါတည်း"။ ။

ဟူသည့် ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ လမ်းစဉ်အတိုင်း အမျိုးသားစာပေရှင်သန်ရေး၊ စာပေဂုဏ်ကိုမြှင့်တင်ကာ လူမျိုးတင့်တယ်နိုင်ရေး၊ အမှောင်ကို ပယ်ခွင်းလျက် အလင်းဆောင်နိုင်ရေးတို့အတွက် တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် ရှေးရှေးအခါက ဆရာ ဆရာမကြီးများ အပါအဝင် ၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုရရှိကြသည့် ဆရာ ဆရာမအပေါင်းတို့အတွက် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်းနှင့် အနုပညာသည် ပြည်သူ့အတွက်ဟူသည့် လှပသောခေါင်းစဉ်အောက်တွင် စာပေကလောင်ဖြင့် တိုင်းပြည်တန်ဆာဆင်နိုင်သူတစ်ဦးဖြစ်အောင် မိမိအနေဖြင့် ဆက်လက်ကြိုးစားသွားမည်ဟု သန္နိဋ္ဌာန်ချထားမိပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ သတင်းတုသတင်းမှား တိုက်ဖျက်ရေးကိစ္စရပ်များ ဆွေးနွေး




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ဘားအံ ဒီဇင်ဘာ ၇**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံတက္ကသိုလ်နှင့် ပညာရေး ဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သတင်းတုသတင်းမှား တိုက်ဖျက်ရေးကိစ္စရပ်များ ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲ အခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘားအံ တက္ကသိုလ်နှင့် ပညာရေးဒီဂရီ ကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာပေယဉ်ကျေးမှု အဖွဲ့ဝင်များ နှင့် ဒေသခံ တိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ မီဒီယာအဆိပ်သင့်မှု အန္တရာယ်၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ၊ ရှေ့သို့ချီမည်ပန်းတိုင်ဆီ စသည့် video clip တို့ကို ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး က အမှာစကားပြောကြားရာတွင် ယနေ့လူမှုကွန်ရက် ပလက်ဖောင်း များပေါ်တွင် ကျင့်ဝတ်သိက္ခာမဲ့ သော မီဒီယာကြီးများက သတင်း တု သတင်းမှားများ လွှင့်ထုတ်ကာ ပြည်သူများအား အသိအမြင် လွဲမှားအောင် ဆောင်ရွက်နေကြပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို သတင်းတုသတင်းမှားများ လွှင့်ထုတ်ကာ ပြည်သူများ အထင်အမြင်လွဲမှားအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်နေသည်ဟု ပြောလိုပါကြောင်း၊ အဆိုပါ လူမှုကွန်ရက်မီဒီယာများ ပေါ်မှ လွှင့်တင်ဖော်ပြချက်များကို အမှန်/အမှား ခွဲခြားဝေဖန်ပိုင်းခြားကာ ရှုမြင်သုံးသပ်နေကြရန် လိုအပ်ပါကြောင်း။

အားလုံးသိကြသည့်အတိုင်း အကြမ်းဖက်သမားများက တိုင်းဒေသကြီး/ပြည်နယ် အချို့၌ အပြစ်မဲ့ပြည်သူများကို မင်းမဲ့စရိုက်ဆန်စွာ အနိုင်ကျင့်သတ်ဖြတ် တိုက်ခိုက်မှုများ၊ ပြည်သူပိုင်လမ်း၊ တံတား၊ အဆောက်အအုံများအား ဖောက်ခွဲ ဖျက်ဆီးမှုများကို လုပ်ဆောင်နေသည့်အတွက် နိုင်ငံအတွက်ရော ပြည်သူများအတွက်ပါ လွန်စွာနစ်နာလျက်ရှိပါကြောင်း၊ ယင်းအကြမ်းဖက်သမားများ၏ လုပ်ရပ်များအပေါ် ပြည်သူများ အနေဖြင့် ဆန့်ကျင်ရှုတ်ချကာ ဝိုင်းဝန်းကာကွယ်တားဆီးပေးရန် တိုက်တွန်းလိုပါကြောင်း။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် လက်နက်ကိုင်အဖွဲ့အစည်း အချို့က ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်၍ စစ်ပွဲများ ဖန်တီးတိုက်ခိုက်နေကြသဖြင့် ဒေသခံပြည်သူများ ထိခိုက်နစ်နာလျက်ရှိသလို နိုင်ငံတော်၏ ပုံရိပ်ကိုလည်း ထိခိုက်ပျက်ပြားလျက် ရှိပါကြောင်း၊ အထူးသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဖြစ်ပွားနေသော စစ်ပွဲများကို အကြောင်းပြု၍ မသမာသူ အဖျက်သမားများက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုကို ထိခိုက်ပျက်ပြားအောင် သတင်းတုသတင်းမှားများ လွှင့်ထုတ်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့မြင်ရပါကြောင်း၊ မိမိတို့အနေဖြင့် တရုတ်-မြန်မာ ချစ်ကြည်ရေးကို ဆက်လက်ထိန်းသိမ်းပြီး နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကိစ္စများကို ပူးပေါင်းဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံသည် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည့်အတွက် မိမိတို့ဒေသ တည်ငြိမ်အေးချမ်းအောင် ကူညီဆောင်ရွက်ပေးကြရန်နှင့် နိုင်ငံရေး၊ လူမျိုးရေး အစွန်းရောက်တွေးခေါ်မှုများကြောင့် ပဋိပက္ခများ မဖြစ်ပွားစေရန် ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟု ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သတင်းမှားများ တိုက်ဖျက်ရေးနှင့် သတင်းများ မှန်ကန်စွာ စီးဆင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

**လှူဒါန်း**

ထို့နောက်ပြည်ထောင်စုဝန်ကြီး က ကရင်ပြည်နယ်အစိုးရအဖွဲ့အတွက် DTH ခြောက်စုံနှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာများအတွက် DVB T2 Set Top Box အလုံး ၆၀၀ ကို လှူဒါန်းရာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်လွင်က လည်းကောင်း၊ ကရင်ပြည်နယ် တပ်နယ် မိသားစုများအတွက် DTH လေးစုံနှင့် DVB T2 Set Top Box အလုံး ၄၀၀ ကို လှူဒါန်းရာ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူ တစ်ဦးက လည်းကောင်း လက်ခံရယူကြသည်။ ဆက်လက်၍ ကရင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဒုံးအဖွဲ့က ဒုံးအကဖြင့် ကပြဖျော်ဖြေ တင်ဆက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယနေ့ နံနက်ပိုင်းက ပြည်ထောင်စု ဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင်ရုံးရှိ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်၊ ပြည်သူ့စာကြည့်တိုက်နှင့် ရွေ့လျားစာကြည့်တိုက်ယာဉ်ကို လည်းကောင်း၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ဘားအံရှိ စာအုပ်သိုလှောင်ခန်း၊ ကွန်ပျူတာခန်းမ၊ အစည်းအဝေးခန်းမတို့ကို ကြည့်ရှုပြီး ဝန်ထမ်းများအား တွေ့ဆုံစဉ် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများကို ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေနှင့် လျော်ညီစွာ ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် သမားရိုးကျ မီဒီယာလုပ်ငန်းများမှ New Media ဟုခေါ်သည့် မီဒီယာပုံစံသစ်များကို တတ်ကျွမ်းနားလည်အောင်လုပ်ပြီး မိမိတို့လုပ်ငန်းများကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် သတင်းအချက်အလက် နည်းပညာရပ်များကို ဉာဏ်ရည်တုနည်းပညာ အသုံးချ၍ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေချိန်တွင် မိမိတို့ဝန်ထမ်းများက ပေါ့ပေါ့လျော့လျော့ တွေးခေါ်လုပ်ကိုင် ဆောင်ရွက်နေ၍မရဘဲ ပြောင်းလဲဆန်းသစ်တီထွင် လုပ်ကိုင်နေရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လူငယ်များအား အသိပညာမှန်ကန်ပြီး အရည်အသွေးပြည့်ဝသည့် နိုင်ငံသားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် အားထုတ်ကြိုးပမ်းပေးရန်လိုကြောင်း။

**ကူညီပံ့ပိုးပေးထား**

ကရင်ပြည်နယ်အစိုးရအဖွဲ့က မိမိတို့ရုံးအား လူထုအခြေပြုဗဟိုဌာနအဆောက်အအုံတစ်ခုကို စီစဉ်တည်ဆောက်၍ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ကူညီပံ့ပိုးပေးထားသည်ကို တွေ့မြင်ရ၍ လွန်စွာ ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ ပြည်သူများ စာအုပ်စာစောင်ဖတ်ရှုလေ့လာနိုင်ရေးနှင့် အသိပညာ မြင့်မားလာစေရေးအတွက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးရုံဖြင့်မရဘဲ ပြည်သူများ စာအုပ်စာစောင်များကို လက်လှမ်းတမီ ငှားရမ်းဖတ်ရှုနိုင်ရန် ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ သွားရောက် ငှားရမ်းပေးကြရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နယ်မြေ တည်ငြိမ်အေးချမ်းရေးသည် အဓိကလိုအပ်ချက်ဖြစ်၍ ပြည်သူများအား အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချတိုက်ဖျက်ကြရေး မီဒီယာနည်းလမ်းများဖြင့် ဆောင်ရွက်ပေးကြပါဟု ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ(ဘားအံ)ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (ဘားအံ)၌ ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်စဉ်။

# ညောင်လေးပင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်စိုက်ပျိုးသည့် မိုးစပါးများရိတ်သိမ်း

**ညောင်လေးပင် ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ သမဝါယမအသင်းများမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေရယူ၍ မိုးစပါးများ စိုက်ပျိုးခဲ့ရာ ယခုရိတ်သိမ်းချိန်၌ ရွှေပြည်သာလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်၏ ဆင်းသုခ/ဗျော့ထွန်းမျိုးစပါးစိုက်ဧက ၁၇၆ ဧကမှ တစ်ဧကလျှင် ၇၂ တင်းနှုန်း၊ ရွှေပြည့်စုံ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ ဗျော့ထွန်းမျိုးစပါးစိုက်ဧက ၁၅၉ ဧကမှ တစ်ဧကလျှင် ၇၂ တင်းနှုန်း၊ သာယာဖြိုးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ဆင်းသုခစပါးစိုက်ဧက ၂၂၄ ဧကမှ တစ်ဧကလျှင် ၈၂ တင်းနှုန်း၊ သာယာတိုးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၏ ဗျော့သုခမျိုးစပါးစိုက်ဧက ၂၆ ဧကမှ တစ်ဧကလျှင် ၆၉ တင်းနှုန်း ထွက်ရှိခဲ့သည်။

**ထွက်ရှိ**

ထို့ပြင် မြို့မစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ ဆင်းသုခမျိုးစပါးစိုက်ဧက ၃၅ ဧကမှ တစ်ဧကလျှင် ၆၅ တင်းနှုန်း၊ အောင်မြန်မာမျိုးစေ့ထုတ် သမဝါယမအသင်း၏ ဆင်းသုခမျိုးစပါးစိုက်ဧက ၁၂၇ ဧကမှ တစ်ဧကလျှင် ၈၃ တင်းနှုန်း၊ ရဲနွယ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ GW-11 စပါးစိုက်ဧက ၁၀၀ မှ တစ်ဧကလျှင် ၆၄ တင်းနှင့် ဆင်းသုခမျိုးစပါးစိုက်ဧက ၉၉ ဧကမှ တစ်ဧကလျှင် ၇၃ တင်းနှုန်းဖြင့် ထွက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ထိုင်းနိုင်ငံ ခရီးစဉ်အတွင်း MoU မြန်မာလုပ်သားများနှင့် တွေ့ဆုံအားပေးစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၇

အလုပ်သမားရေးရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးများ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန် ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချစ်ဆွေနှင့်အတူ ယနေ့တွင် မြန်မာအလုပ်သမားများ အများဆုံးနေထိုင် အလုပ်လုပ်ကိုင်လျက်ရှိသည့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်တွေ့ဆုံအားပေးပြီး မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity– CI)ထုတ်ပေးရေးစခန်း ဖွင့်လှစ်မည့်နေရာများသို့ သွားရောက်ကြည့်ရှုသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ထိုင်းနိုင်ငံ ဆူရတ်ဌာနမြို့ရှိ Asian Seafoods စက်ရုံတွင် မြန်မာလုပ်သားများကို တွေ့ဆုံအားပေးစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆူရတ်ဌာနီမြို့ရှိ Asian Seafoods စက်ရုံ၌ အလုပ်လုပ်ကိုင်နေကြသည့် MoU မြန်မာလုပ်သားများနှင့် တွေ့ဆုံစဉ် သက်ဆိုင်ရာ မိသားစုများထံ ရရှိလစာ ၂၅ ရာခိုင်နှုန်းပေးပို့ကြရန်၊ Remmittance Management System Mobile Application ဖြင့် မြန်မာနိုင်ငံရှိ မိသားစုများထံ တရားဝင်လမ်းကြောင်းမှ အလွယ်တကူငွေလွှဲစနစ်အား ရှင်းလင်းပြောကြားခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားလှယ်မှ အခွန် နှစ်ရာခိုင်နှုန်းအကြောင်း ရှင်းလင်းခြင်းနှင့် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားလှယ် မှ EID စနစ်အကြောင်း ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းကာ အတူတကွ နေ့လယ်စာသုံးဆောင်၍ Sure Tex စက်ရုံရှိ MoU မြန်မာလုပ်သားများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆူရတ်ဌာနီမြို့ရှိ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity– CI) ထုတ်ပေးရေးစခန်းဖွင့်လှစ်မည့်နေရာများသို့ သွားရောက်ကြည့်ရှုကြသည်။

ထိုင်းအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ ထိုင်းနိုင်ငံတွင် ယာယီနေထိုင်လုပ်ကိုင်ခွင့် (ပန်းရောင်ကတ်) အတွက် အမည်စာရင်းတင်သွင်းခဲ့သည့် မြန်မာအလုပ်သမားများအား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်အထိ နေထိုင် လုပ်ကိုင်ခွင့်သက်တမ်း တိုးမြှင့်ပေးခဲ့ကြောင်း၊ အလုပ်သမားများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မတိုင်မီ work permit လျှောက်ထားခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအာမခံဝယ်ယူခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး work permit လျှောက်ထားခြင်းအတွက် အလုပ်သမားတစ်ဦးလျှင် ဘတ် ၁၄၅၀၊ ကျန်းမာရေး စစ်ဆေးခြင်းအတွက် ဘတ် ၅၀၀ နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ တစ်နှစ်အာမခံအတွက် ဘတ် ၁၆၀၀ သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီမှ ခြောက်လ အာမခံအတွက် ဘတ် ၉၉၀ နှင့် လူမှုဖူလုံရေးအာမခံစနစ် အကျုံးမဝင်သည့်သူများသည် တစ်နှစ်အာမခံကို ဝယ်ယူရမည်ဖြစ်ကြောင်းနှင့် ကုန်ကျစရိတ်စုစုပေါင်းအတွက် အလုပ်သမားတစ်ဦးလျှင် အနည်းဆုံး ဘတ် ၂၉၄၀ မှ အများဆုံး ဘတ် ၃၅၅၀ ကျသင့်မည်ဖြစ်ကြောင်း။

Work permit နှင့် ကျန်းမာရေးစစ်ဆေးမှု လုပ်ငန်းစဉ် ဆောင်ရွက်ပြီးသည့် အလုပ်သမားများသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်မတိုင်မီ Biometrics data ကောက်ယူခြင်း၊ လူဝင်မှုကြီးကြပ်ရေးဗျူရိုတွင် ထိုင်းနိုင်ငံအတွင်းနေထိုင်ခွင့် ရရှိရန် ဆောင်ရွက်ပြီးနောက် Department of Provincial Administration သို့မဟုတ် Bangkok Metropolitan Administration ဌာနများတွင် မှတ်ပုံတင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်မတိုင်မီ CI သို့မဟုတ် Passport ဆက်လက်လျှောက်ထားရမည်ဖြစ်ကြောင်း။

မြန်မာဘက်အနေဖြင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)ထုတ်ပေးရေးစခန်း ငါးခုနှင့် Mobile Team သုံးခု ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အလုပ်သမားများ အများစုနေထိုင်လုပ်ကိုင်သည့်နေရာများသို့ Mobile Team များကို လွယ်လင့်တကူ ရွှေ့ပြောင်းဖွင့်လှစ်ပေးခြင်းဖြင့် အလုပ်သမားများသည် လုပ်ငန်းခွင်မပျက် အထောက်အထား လျှောက်ထားနိုင်မည်ဖြစ်ပြီး အလုပ်ရှင်အနေဖြင့်လည်း လုပ်ငန်းခွင်ကို အရှိန်အဟုန်မပြတ် ဆက်လက်လည်ပတ်နိုင်မည် ဖြစ်သည့်အပြင် ပွဲစားများ၏ အမြတ်ထုတ်မှုများကိုလည်း ကာကွယ်ပြီးဖြစ်သည့်အတွက် Mobile Team များကို အရေအတွက်များများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီဆိုင်မြို့နယ်အတွင်း ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်များ ထောက်ပံ့ပေးအပ်

ဆီဆိုင် ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း ရောက်ရှိနေသောယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြကန်သာရပ်ကွက်အတွင်းရှိ အရိယာမဂ္ဂင်ဓမ္မာရုံတွင် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ပေးအပ်ရာတွင် ဒေါ်ဖလောရင့်ဒယ်နီနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမိုးဇော်စိုးတို့က ဆီဆိုင်မြို့ပေါ်အတွင်းရောက်ရှိနေသော တိုက်ပွဲရှောင်ပြည်သူများနှင့်တွေ့ဆုံ၍ မိတ်ဆက်အားပေး စကားပြောကြားပြီး အိမ်ထောင်စု ၄၁၁ စုအတွက် ဆန်ခြောက်ပြည်ပါ ၄၁၁ အိတ်၊ စောင်အထည် ၂၄၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒေါ်ဖလောရင့်ဒယ်နီနှင့်အဖွဲ့သည် ပါလောပါကယ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွင် ဆိုက်ခေါင်ကျေးရွာအတွင်း ရောက်ရှိနေသော တိုက်ပွဲရှောင် အိမ်ထောင်စု ၁၃၆ စုအတွက် ဆန်ခြောက်ပြည်ပါ ၁၃၆ အိတ်တို့ကိုလည်းကောင်း၊ ရွှေရင်သာဘုရားဝင်းတွင် ဘန်းယဉ်ကျေးရွာအုပ်စုအတွင်း ရောက်ရှိနေသော တိုက်ပွဲရှောင်အိမ်ထောင်စု ၁၉၈ စုအတွက် ဆန်ခြောက်ပြည်ပါ ၁၉၈ အိတ်တို့ကိုလည်းကောင်း၊ နောင်မွန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွင် နောင်မွန်ကျေးရွာအုပ်စုအတွင်း ရောက်ရှိနေသော တိုက်ပွဲရှောင်အိမ်ထောင်စု ၁၁၆ စုအတွက် ဆန်ခြောက်ပြည်ပါ ၁၁၆ အိတ်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး မိတ်ဆက်အားပေးစကားပြောကြားခဲ့သည်။



ဒေါ်ဖလောရင့် ဒယ်နီနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ညွှန်ကြားရေး မှူး ဦးမိုးဇော်စိုး၊ ရှမ်းပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနဦးစီးမှူး ဦးစိုးနိုင်တို့ပါဝင် သောအဖွဲ့သည် ဆီဆိုင်မြို့နယ်အတွင်း စုစုပေါင်း တိုက်ပွဲရှောင်အိမ်ထောင်စု ၈၆၁ စု၊ လူဦးရေ ၃၁၂၇ ဦးတို့အတွက် ဆန်ခြောက်ပြည်ပါ ၈၆၁ အိတ်၊ စောင်အထည် ၂၄၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(ဆီဆိုင်)**







# မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃) ဒုတိယနေ့ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ဒုတိယနေ့ ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့်အဖွဲ့သည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပိုစတာ ၂၇ စောင်ကို ကြည့်ရှုအားပေးရာ စာတမ်းရှင်များက ရှင်းလင်းတင်ပြကြသည်။

**အမှတ်တရလက်ဆောင်များ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတကာမှ ပြည်သူ့ကျန်းမာရေးပညာရှင်များနှင့် နေ့လယ်စာ အတူတကွသုံးဆောင်ပြီး ပညာရှင်များအား နှီးနှောဖလှယ်ပွဲ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ကျန်းမာရေးသတင်းအချက်အလက်များ ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ ခေတ်မီ IT နည်းပညာများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဆွေးနွေးမှာကြားသည်။

နံနက်ပိုင်းတွင် ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်ပတ်သက်သည့် Best Practices on effective immunization, communicable diseases prevention and control towards healthy nation ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကိုကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး နီပေါနိုင်ငံမှ Dr. Krishna, Prasad Paudel, Ministry of Health and Population၊ ဗီယက်နမ်နိုင်ငံမှ Dr. Hoang Khanh Chi, HIV Program Director at IRD နှင့် ပြည်တွင်း ပြည်သူ့ကျန်းမာရေးပညာရှင်သုံးဦး တက်ရောက်ဆွေးနွေးကြပြီး အိန္ဒိယနိုင်ငံမှ Dr. Asha Hegde, Director, HIV/Hepatitis/COVID, South East Asia, PATH နှင့် ကနေဒါနိုင်ငံမှ Dr. Anurag Bhargawa, Strategic and Technical Advisory Group on TB for WHO တို့က Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးသည်။

ထို့နောက် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို အခန်း သုံးခန်းခွဲ၍ ကျင်းပရာ အခန်း(၁)တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md Monwar Hossain က တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်သည့် ပြည်သူလူထုဗဟိုပြု ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများဆိုင်ရာ People centered public health services: Role of multi-stakeholders and community empowerment ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Dr. Farzana Islam, Bangladesh University of Professionals (BUP) နှင့် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေးပညာရှင် ခြောက်ဦးတို့က ဆွေးနွေးတင်ပြသည်။



**တက်ရောက် ဆွေးနွေး**

အခန်း(၂)တွင် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက သဘာပတိအဖြစ် ဆောင်ရွက်သည့် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါအဆုံးသတ်ဖို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စို့ (Join Hands for ending HIV/AIDS) ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးမှုတွင် အိန္ဒိယနိုင်ငံမှ Dr. Bitra George, International Expert၊ ပြင်သစ်နိုင်ငံမှ Ms. Lydie Pak, Harm Reduction Advisor, MDM တို့နှင့် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေးပညာရှင်သုံးဦးက တက်ရောက်ဆွေးနွေးသည်။

အခန်း(၃)တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး/ ကူးစက်) ဒေါက်တာထွန်းတင်က သဘာပတိအဖြစ် ဆောင်ရွက်သည့် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားစဉ်ကာလတွင် နိုင်ငံဖြတ်ကျော်ဝင်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း အတွေ့အကြုံများနှင့် ပတ်သက်သည့် Experiences and lessons learnt in Point-of-Entry surveillance and response in pandemic ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေး ပညာရှင်ငါးဦးက တက်ရောက်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲများကို အခန်း သုံးခန်းခွဲ၍ကျင်းပရာ အခန်း(၁)တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာ) ဒေါက်တာသီရိနွယ်က သဘာပတိအဖြစ် ဆောင်ရွက်သည့် ကျန်းမာသော လူထုပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ဆိုင်ရာ Living in a multi-polluted world: Creating healthy community and workplace ခေါင်းစဉ်ဖြင့် နီပေါနိုင်ငံမှ ပြည်သူ့ကျန်းမာရေးပညာရှင် Mr. Upendra Dhungana, Ministry of Health and Population နှင့် ပြည်တွင်းမှပညာရှင်သုံးဦးက ဆွေးနွေးပြီး မော်လဒိုက်နိုင်ငံမှ Mr. Mohamed Rasheed, Chairperson, Water Care မှ Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးသည်။

အခန်း(၂)တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ကံကောင်းက သဘာပတိအဖြစ် ဆောင်ရွက်သည့် တီဘီရောဂါအဆုံးသတ်ရေး Towards End TB: Epidemiology, Clinical and Public Health Directions ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေး ပညာရှင်ငါးဦးက တက်ရောက်ဆွေးနွေးသည်။

အခန်း(၃)တွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာခင်ဇော်က သဘာပတိအဖြစ် ဆောင်ရွက်သည့် တစ်ခုတည်းသော ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုပုံစံ One Health approach in combating zoonotic diseases, food safety and antimicrobial resistance ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေးပညာရှင်ငါးဦးက တက်ရောက်ဆွေးနွေးသည်။

ထို့နောက် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဒုတိယဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကျော်ဇေယျက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာလှလှဝင်းက တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်သည့် အနာဂတ်အတွက် လုံခြုံစိတ်ချရသည့် ပြည်သူ့ကျန်းမာရေးစနစ်တည်ဆောက်ရေးဆိုင်ရာ Building a sustainable and resilient public health system for future pandemics ခေါင်းစဉ်တွင် တရုတ်နိုင်ငံမှ Dr. Zhou Shuduo, Peking University၊ သီရိလင်္ကာနိုင်ငံမှ Professor Lokumeegodage DJU Upul Senarath, University of Colombo တို့နှင့် ပြည်တွင်း ပြည်သူ့ကျန်းမာရေးပညာရှင်လေးဦးက တက်ရောက်ဆွေးနွေးကြပြီး လာအိုနိုင်ငံမှ Dr. Sengthida SIVILAY, Ministry of Health နှင့် ထိုင်းနိုင်ငံမှ Dr. Pisut Chunchongkolkul, Ministry of Public Health မှ Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးသည်။

**ပိတ်ပွဲအခမ်းအနား ကျင်းပ**

ယင်းနောက် မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ(၂၀၂၃)၏ ပိတ်ပွဲအခမ်းအနားကိုကျင်းပရာ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက အမှာစကား ပြောကြားသည်။

နံနက်ပိုင်းတွင် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ ပြည်သူ့ကျန်းမာရေးပညာရှင် ၁၇ ဦး ပါဝင်သည့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် စည်ပင်သာယာကျေးလက်ကျန်းမာရေးဌာနသို့လည်းကောင်း၊ ပြည်တွင်းပြည်သူ့ကျန်းမာရေးပညာရှင်များ ပါဝင်သောအဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးလက်ကျန်းမာရေးဌာနနှင့် အေးမြင့်သာယာကျေးလက် ကျန်းမာရေးဌာနများသို့လည်းကောင်း သွားရောက်ကာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာကြသည်။ ညနေပိုင်းတွင် တက်ရောက်လာသည့် နိုင်ငံတကာနှင့် ပြည်တွင်း ပြည်သူ့ကျန်းမာရေးပညာရှင်များနှင့် ကိုယ်စားလှယ်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)ကို ဒီဇင်ဘာ ၆ မှ ၇ ရက်အထိ ကျင်းပဆောင်ရွက်ခဲ့ရာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့တွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ခေါင်းစဉ် ၄၇ ခုကို ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ နီပေါနိုင်ငံ၊ တရုတ်နိုင်ငံ၊ မော်လဒိုက်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ပြင်သစ်နိုင်ငံတို့မှ ပြည်သူ့ကျန်းမာရေးပညာရှင် ၁၃ ဦးနှင့် မြန်မာနိုင်ငံမှ ပြည်သူ့ကျန်းမာရေးပညာရှင် ၃၄ ဦးတို့က ပညာရပ်ဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၇**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဖတ်ကြားသည်။

ယင်းနောက် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် ဂုဏ်ပြုသီဆိုတင်ဆက်ကြပြီး (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**




# တောင်ကြီး၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သဝဏ်လွှာ ဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၇**

(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သဝဏ်လွှာ ဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်း ခန်းမဆောင်၌ ပြုလုပ်သည်။



ဦးစွာ တောင်ကြီးမြို့ အထက(၇) ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကိုပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားခဲ့သည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ရာ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လည်းကောင်း၊ အလယ်တန်းအဆင့် ဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်ကလည်းကောင်း၊ မူလတန်းအဆင့် ဆုရရှိသူများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်စီးပွားရေးရာဝန်ကြီးက လည်းကောင်း၊ အလယ်တန်းအဆင့် ဆုရရှိသူများကို ပြည်နယ် သယံဇာတရေးရာဝန်ကြီးက လည်းကောင်း၊ မူလတန်းအဆင့် ဆုရရှိသူများကို ပြည်နယ်လူမှုရေးရာဝန်ကြီးကလည်းကောင်း၊ အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများကိုပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လည်းကောင်း၊ အလယ်တန်းအဆင့်တွင် ဆုရရှိသူများကို ပြည်နယ်ဥပဒေချုပ်နှင့် မူလတန်းအဆင့်တွင် ဆုရရှိသူများကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် အထက(၁) တောင်ကြီး၊ အထက(၄) တောင်ကြီးနှင့် အထက(၇) တောင်ကြီးတို့အတွက် ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်က ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သာယာဝတီမြို့နယ်၌ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ကျင်းပ

**သာယာဝတီ ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီက အထက(သုံးဆယ်) ပီမိုးနင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းက ဖတ်ကြားပြီး အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



# အထက(၄) အလုံ၌ အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်နံနက် ၉ နာရီက အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူသတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းက ဖတ်ကြားပြီး အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းစာစီစာကုံး၊ ကဗျာ၊ ပန်းချီဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

**တင်ဝင်းတင်**



# ပန်းတောင်းမြို့နယ်၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပန်းတောင်း ဒီဇင်ဘာ ၇**


ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့်ပန်းချီပြိုင်ပွဲ ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက(ပန်းတောင်း) ကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားပြီး အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတွင် ထူးချွန်ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား တက်ရောက်လာသောဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။




# ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန် ကုလအတွင်းရေးမှူးချုပ် တောင်းဆို

**နယူးယောက် ဒီဇင်ဘာ ၇**

ကုလသမဂ္ဂပဋိညာဉ်ပါ ပြဋ္ဌာန်းချက်အမှတ်(၉၉)အရ ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က တောင်းဆိုခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရသိရသည်။

ဂူတာရက်စ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစတင်၍ ယခုပြဋ္ဌာန်းချက်ကို ပထမဆုံးအကြိမ်ဆောင်ရွက်ရေး တောင်းဆိုခြင်းဖြစ်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတီဗင်ဒူဂျာရက်က ပြောကြားသည်။ ဂါဇာဒေသတွင် လက်ရှိ၌ လုံခြုံသည့်နေရာမရှိကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အီကွေဒေါနိုင်ငံကိုယ်စားလှယ်ထံ ဂူတာရက်စ်က စာရေးသားပေးပို့ခဲ့သည်။ ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ အကန့်အသတ်ဖြင့်သာရရှိနေသဖြင့် ဒေသခံများအတွက်မလုံလောက်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ဂါဇာအရေးနှင့်ပတ်သက်၍ ဒီဇင်ဘာ ၈ ရက်တွင် အရေးပေါ်အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# ဂျပန်နိုင်ငံ၌ ဥပဒေဘာသာပြန်ရန်အတွက် ဉာဏ်ရည်တုနည်းပညာသုံးစွဲ

**တိုကျို ဒီဇင်ဘာ ၇**

ဂျပန်နိုင်ငံ၌ ပြဋ္ဌာန်းထားသည့် ဥပဒေများကို ဂျပန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရန်အတွက် ဉာဏ်ရည်တုနည်းပညာကို စတင်သုံးစွဲနေကြောင်း ဂျပန်တရားရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် နိုင်ငံတွင်းနှင့်ပြည်ပမှ ဂျပန်စီးပွားရေးလုပ်ငန်းများနှင့် အိမ်ခြံမြေလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူများ၏ တောင်းဆိုချက်များကြောင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းဘာသာပြန်လုပ်ငန်းများတွင် အချိန်ကြန့်ကြာမှုနည်းပါးစေရေးအတွက် ဒီဇင်ဘာ ၁ ရက်က ဉာဏ်ရည်တုနည်းပညာသုံးစွဲ၍ စမ်းသပ်ဘာသာပြန်ဆိုခဲ့သည်။

တရားရေးဝန်ကြီးဌာနသည် ၂၀၀၉ ခုနှစ်မှ စတင်ကာ ဂျပန်ဥပဒေများကို အင်္ဂလိပ်ဘာသာပြန်ဆိုမှုများ ပြုလုပ်ခဲ့သည်။

၎င်းဝန်ကြီးဌာနသည် လာမည့်ဧပြီလတွင် ဉာဏ်ရည်တုနည်းပညာကို အပြည့်အဝမိတ်ဆက်ရေး ဆောင်ရွက်နေသည်။

ဉာဏ်ရည်တုနည်းပညာသည် ပိုမိုအသုံးပြုရလွယ်ကူလာသည်နှင့်အမျှ ဘာသာပြန်ဆိုခြင်းလုပ်ငန်းကို ပိုမိုကောင်းမွန်လာစေရန် မျှော်လင့်ကြောင်း တရားရေးဝန်ကြီး Koizumi Ryuji က ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ




# ထိုင်းနိုင်ငံ၏ ရိုးရာနှစ်သစ်ကူးပွဲတော် သင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်း

**ဗန်ကောက် ဒီဇင်ဘာ ၇**

ထိုင်းနိုင်ငံ၏ ရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်သည့် သင်္ကြန်ပွဲတော်ကို ယူနက်စကိုက ၎င်း၏ ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံတစ်ဝန်းရှိ ပြည်သူများသည် သင်္ကြန်ပွဲတော်ရက်အတွင်း တစ်ဦးကိုတစ်ဦး ရေပက်ဖျန်းကာ ပွဲတော်ကို ပါဝင်ဆင်နွှဲကြသည်။

ယူနက်စကိုက ထိုင်းနိုင်ငံ၏ ရိုးရာနှစ်သစ်ကူးပွဲတော် သင်္ကြန်ပွဲတော်ကို ဒီဇင်ဘာ ၆ ရက်တွင် ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းရန် ဆုံးဖြတ်ချက်ချခဲ့သည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ထိုင်းလူမျိုးများသည် ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီပုထိုးများနှင့် သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းများ ဖြတ်ပေးခြင်းနှင့် ရေဖြင့်ဆေးကြောသန့်စင်သည့် ကောင်းမှုကုသိုလ်များကို လုပ်ဆောင်ကြသည်။



အဆိုပါပွဲတော်ကို နိုင်ငံ၏ အပူဆုံးလဖြစ်သည့် ဧပြီလလယ်တွင် ကျင်းပလေ့ရှိပြီး နိုင်ငံခြားခရီးသည်များအတွက် ဆွဲဆောင်မှုတစ်ခု ဖြစ်လာသည်။

ယူနက်စကို၏ အသိအမှတ်ပြုမှုသည် နိုင်ငံ၏စီးပွားရေးကို ပြန်လည်ဦးမော့လာစေမည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ပြောသည်။

သင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲနိုင်ရန် ကမ္ဘာတစ်ဝန်းမှ ခရီးသွားဧည့်သည်များကို နွေးထွေးစွာ ကြိုဆိုရန် အဆင်သင့်ဖြစ်နေပြီဟု ထိုင်းအစိုးရက ပြောသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဂူဂဲလ်၏နောက်ဆုံးပေါ် ဉာဏ်ရည်တုနည်းပညာ Gemini မော်ဒယ်ကို စတင်မိတ်ဆက်

**ဝါရှင်တန် ဒီဇင်ဘာ ၇**

ဉာဏ်ရည်တုနည်းပညာ ပြိုင်ဆိုင်မှုများ ပြင်းထန်လာချိန်တွင် ဂူဂဲလ်သည် ၎င်း၏ နောက်ဆုံးပေါ် ဉာဏ်ရည်တုနည်းပညာမော်ဒယ်ကို ယမန်နေ့က စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။

၎င်း၏ Gemini ဟု အမည်ပေးထားသည့် ဉာဏ်ရည်တုနည်းပညာသည် စာသား၊ အသံနှင့် ဗီဒီယိုအပါအဝင် အချက်အလက်များကို ပုံစံအမျိုးမျိုးဖြင့် ပေါင်းစပ်ပေးနိုင်သည်ဟု အမေရိကန်နည်းပညာကုမ္ပဏီဂူဂဲလ်က ပြောသည်။

Gemini ဉာဏ်ရည်တုနည်းပညာကို မကြာမီတွင် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း အမေရိကန်နည်းပညာကုမ္ပဏီ ဂူဂဲလ်က ထပ်လောင်းပြောသည်။

Gemini သည် လက်ရှိ AI မော်ဒယ်များထက် ပိုမိုအသုံးဝင်သော တုံ့ပြန်မှုများနှင့် အဆိုပြုချက်များကို ပေးစွမ်းနိုင်သောကြောင့် ကျယ်ပြန့်သော အချက်အလက်များစွာကို တိကျမှန်ကန်စွာ ဝန်ဆောင်မှုပေးနိုင်သည်ဟု ဂူဂဲလ်က အခိုင်အမာဆိုသည်။

တီထွင်ဖန်တီးမှုနည်းပညာအပေါ် အခြေခံ၍ Gemini ဉာဏ်ရည်တုဝန်ဆောင်မှုကို ဗားရှင်းသုံးမျိုးခွဲခြားပြီး အသုံးပြုသူများကို ဝန်ဆောင်မှုပေးရန် ဂူဂဲလ်က စီစဉ်ထားသည်။

Gemini ဉာဏ်ရည်တုဝန်ဆောင်မှုကို ၎င်း၏ Bard chatbot ၏ အင်္ဂလိပ်ဗားရှင်းဖြင့် ပထမဆုံး စတင်ရောင်းချမည်ဖြစ်သည်။ OpenAI သည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် ChatGPT ကို မိတ်ဆက်ပြီးကတည်းက ဉာဏ်ရည်တုနည်းပညာ အသုံးပြုမှုသည် ကမ္ဘာအဝှမ်း၌ လျင်မြန်စွာ တိုးတက်လာခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ၁၁ လအတွင်း စိုက်ပျိုးရေးထုတ်ကုန် ပြည်ပတင်ပို့မှုမှ ဝင်ငွေ ကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံရရှိ

**ဖနောင်ပင် ဒီဇင်ဘာ ၇**

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ၁၁ လအတွင်း စိုက်ပျိုးရေးထုတ်ကုန် ပြည်ပတင်ပို့မှုမှ ဝင်ငွေ ကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံရရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန၏ မှတ်တမ်းအရ သိရသည်။

ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း နိုင်ငံနှင့်ဒေသ ၇၅ ခုသို့ စိုက်ပျိုးရေးထုတ်ကုန် တန်ချိန် ၇ ဒသမ ၃၁ သန်းကို တင်ပို့ခဲ့သည်။ ပြည်ပတင်ပို့သည့် စိုက်ပျိုးရေးထုတ်ကုန်များတွင် ဆန်စပါး၊ ရော်ဘာ၊ ပီလောပီနံ၊ သရက်သီး၊ ငှက်ပျောသီး၊ ငရုတ်ကောင်း၊ ကွမ်းသီး၊ ပြောင်း၊ စားအုန်းဆီတို့ ပါဝင်သည်။

နိုဝင်ဘာလအတွင်း သီးနှံပြည်ပတင်ပို့မှုမြင့်တက်လာခဲ့သဖြင့် မကြာမီ ပြည်ပပို့ကုန် များ ပြန်လည်တိုးမြှင့်တင်ပို့နိုင်မည်ဟုယူဆကြောင်း စိုက်ပျိုးရေးလုပ်ငန်းဌာနညွှန်ကြားရေးမှူးချုပ် အင်န်ဂျင်ချီဟေးက ပြောသည်။

ယခုနှစ်နိုဝင်ဘာလတွင် သီးနှံ တန်ချိန် ၁ ဒသမ ဂ၃ သန်းကို ပြည်ပသို့တင်ပို့နိုင်ခဲ့သဖြင့် ယမန်နှစ်အလားတူကာလထက် ၅ဂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံမှ စိုက်ပျိုးရေးထုတ်ကုန်များကို တရုတ်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများမှ အဓိကဝယ်ယူသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ၌ ခရီးသွားလုပ်ငန်းရန်ပုံငွေထူထောင်မည်

**ဂျကာတာ ဒီဇင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံတွင် ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး ခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ခရီးသွားလုပ်ငန်းရန်ပုံငွေတစ်ရပ် ထူထောင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့်စီးပွားရေး တီထွင်ဆန်းသစ်မှုဆိုင်ရာဝန်ကြီး ဆန်ဒီရာဂါယူနိုက ပြောကြားသည်။

၂၀၂၄ ခုနှစ် နှစ်စပိုင်းတွင် စတင်တည်ထောင်မည့် ၎င်းရန်ပုံငွေ၏ ကနဦးမတည်ငွေအဖြစ် အင်ဒိုနီးရှား ရူပီးယားနှစ်ထရီလီယံကို သုံးစွဲမည်ဖြစ်ပြီး ၎င်းရန်ပုံငွေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ဈေးကွက်တွင် အင်ဒိုနီးရှား ခရီးသွားလုပ်ငန်း၏ အမှတ်တံဆိပ်ကို ထိုးဖောက်ရေးဆောင်ရွက်မည်ဟု သိရသည်။



ထို့ပြင် နိုင်ငံအတွင်း အားကစားပြိုင်ပွဲများ၊ ဂီတပွဲများနှင့် အနုပညာဆိုင်ရာပြပွဲများကို ကျင်းပကာ ခရီးသွားလုပ်ငန်းကို မြှင့်တင်မည်ဖြစ်သည်။

ထို့ပြင် ၂၀၂၄ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံတွင် ကမ္ဘာ့ရေဆိုင်ရာ ထိပ်သီးညီလာခံနှင့် ဆိုက်ကယ်မောင်းပြိုင်ပွဲများကို ကျင်းပပြီး အင်ဒိုနီးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ပြန်လည်မြှင့်တင်ရေး ဆောင်ရွက်မည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း နိုင်ငံတကာခရီးသည် ၉ ဒသမ ၄၉ သန်း ဝင်ရောက်ခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# မိုးညှင်း၊ ပုသိမ်ကြီးနှင့် ရပ်စောက်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ



မစက်ညွန့်(ခ)မိချောနှင့် မစုစုမာတို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၇**


မိုးညှင်း၊ ပုသိမ်ကြီးနှင့် ရပ်စောက်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင် ကျေးရွာအနီးတွင် Express ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ မယွန်းဝါ(ခ) မဝါထံမှ ဘိန်းဖြူ ၃ ဒသမ ၃ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာအနီးတွင် Nissan AD VAN ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မစက်ညွန့်(ခ)မိချောနှင့် မစုစုမာတို့ထံမှ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို ကိုလည်းကောင်း၊ ထို့အတူ ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် မန်ကျည်းကုန်းကျေးရွာအုပ်စု ကြာအင်းကျေးရွာအနီးတွင် မောင်မောင်တင်မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၆ ရက် နံနက် ၁၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့ မြို့ဦးရပ်ကွက် ရွှေညောင်-ရပ်စောက်သွားကားလမ်းတွင် သော်တာမောင်းနှင်ပြီး မန္တလေးကြည်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ သိမ်းဆည်းရမိမှု။

**နေပြည်တော် ဒီဇင်ဘာ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ ပုစွန်တစ်ကောင် စားအုန်းဆီ ၁၈ လီတာပါ ပုံး ၁၅၀၊ ပုစွန်နှစ်ကောင်စားအုန်းဆီ ငါးလီတာပါ ဘူး ၁၆၀၊ ပုစွန်နှစ်ကောင်စားအုန်းဆီ နှစ်လီတာပါ ဘူး ၁၂၀၊ ပုစွန်နှစ်ကောင်စားအုန်းဆီ တစ်လီတာပါ ဘူး ၇၂၀၊ မြတံဆိပ် စားအုန်းဆီ ၁၈ လီတာပါ ပုံး ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၆၀၀၀၀)နှင့် အဆိုပါစားအုန်းဆီများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၆၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဒီဇင်ဘာ ၅ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Lebay Baby Wipe တစ်ရှူးအထုပ် ၁၅၃၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် ယာဉ်အပိုပစ္စည်း T-Bar Clamp ကီလိုဂရမ် ၅၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၀၀၀၀)ကိုလည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် ကျောက်ဟုယူဆရသော ကျောက်ရောင်စုံအတုံးအသေးများ ၈၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် BARMASO Phone Cover and Phone Case ကီလိုဂရမ် ၅၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ဥက္ကံမြောက်(၂)နယ်မြေ၌ တရားမဝင် အခြားသစ် ၁၅ ဒသမ ၁၆၉ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၂၇၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၆ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုင်းဆတ်မြို့ ဝိန်းကောင်းရပ်ကွက် မိုင်းဆတ်-မိုင်းခုတ်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် ထိုင်းနိုင်ငံထုတ် ပလတ်စတစ်ထိုင်ခုံအလုံး ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၅၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၁၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၄၉၅၈၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၂-၂၀၂၃ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနသုတ် တောချုပ်သုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၀ စစ်တက္ကသိုလ်ပိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၁၅)
- ၁၃:၃၀ MRTV National News
- ၁၄:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့်လွင့်ပျံ့အမုန်း' (အပိုင်း-၇၆)
- ၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့
- ၁၇:၂၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၁၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ရန်ကုန်တက္ကသိုလ်(၁၀၃)နှစ်မြောက်ဂုဏ်ပြုအစီအစဉ် "ကံ့ကော်မြို့တော်" တေးဂီတ ဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၂)
- ၂၂:၀၀ မြန်မာဇာတ်လမ်းတွဲ 'ရပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၂)

**mitv**

- 07:01 Evergreen Classic: Myanma Panorama and Myanma Sentiment
- 07:07 Artist Life: Designer Nay Chi Win Lai Yee
- 07:25 Tha Khut Salad (Myanmar Style)
- 07:39 Yoga & Health
- 08:01 News
- 08:26 Nyaung Oo Phee Island
- 08:48 Myanmar Childhood Games (Episode-3)
- 09:02 Athet Htet Myat Thaw Gon Theikkar or Dignity Greater Than Life (Re-edit)
- 09:22 Myanmar Traditional Brass Embossed Painting
- 09:42 Ecotourism: Tamu And Hand Washing Lake
- 10:01 News
- 10:27 Topical Topics (No. 14) Transforming Bitter Experiences & Put Out the Fire

**MRTV NRC**

- ရခိုင် (၀၆:၀၀ မှ ၀၈:၀၀) အိပ်မက်တကြိုးကခုန်သူ(ကျော်သိုက်)
- ရှမ်း (၀၈:၀၀ မှ ၁၀:၀၀) ပုအင်းဒေသလေ့လော်ပြိုင်ပွဲ
- ပ (၁၀:၀၀ မှ ၁၂:၀၀) စာအတူတူဖတ်ကြရအောင်
- ကချင် (၁၂:၀၀ မှ ၁၄:၀၀) ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ
- ကယား (၁၄:၀၀ မှ ၁၆:၀၀) စွဲမက်ဖွယ်ရာထီးရိုးဆေးဗိဇ္ဇာတောင်တော် သဘာဝလိုဏ်ဂူ
- ပအိုဝ်းကရင် (၁၆:၀၀ မှ ၁၇:၀၀) မိရိုးဖလာသဘာဝမျှစ်ခြောက်ပြုလုပ်နည်း
- အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀) ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၉)
- အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀) ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ
- ချင်း (လိုင်ဇို) (၁၉:၀၀ မှ ၂၀:၀၀) ဂုဏ်ယူစံထားဘောလုံးသမားဆလိုင်းလာလ်ကျဲအိုလွယ်
- ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀) ဘိုးဘွားတို့ရဲ့ဆိုဆုံးမစကား
- မွန် (၂၁:၀၀ မှ ၂၃:၀၀) ဓလေ့ရိုးရာလက်မှုပညာမွန်ရိုးရာလက်ရက်ကန်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ တိုးတက်လာသည့်မြိတ်ကျွန်းစုရေငုပ်ခရီးသွားလုပ်ငန်း
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ ရသစုံစွာ၍မြေကမ္ဘာ
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကံ့ဝမ်းမဲ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM စကားဝိုင်း (MWD)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅)
- ၁၈:၀၀ Economic Review (အပိုင်း-၃၁) (အနိမ့်ဆုံးလုပ်ခလစာ နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု)

**MRTV FARMERS' HTV**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၃၀ ဒဟတ်ကုန်းသကြားစက်ရုံမှ သကြားထုတ်လုပ်ပုံအဆင့်ဆင့်
- ၀၆:၅၀ ကမ္ဘာဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ငှါရင်ထဲကလိပ်ပြာ(ဇာတ်လမ်း)
- ၁၉:၃၀ How Texas Farmers Use 127 Million Acres Of Farmland - American Farming Documentary
- ၂၂:၀၀ Dream Girl.2019 (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HTV**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Sports Max
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၅ Soccer View

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းမှု၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများမှ ကောလာဟလ သတင်းတု၊ သတင်းမှားများ အချိန်ကိုက် လှုံ့ဆော်ဝါဒဖြန့်နေမှုများ၊ ၇-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ အစိုးရအနေဖြင့် နိုင်ငံရေးရည်မှန်းချက်နှင့်အမျိုးသားရေးရည်မှန်းချက်များအပေါ် ရပ်တည်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ဂုဏ်ထူးဆောင်ဘွဲ့တွေ၊ ဂုဏ်ထူးဆောင်တံဆိပ်တွေ ချီးမြှင့်အပ်နှင်းခဲ့ပါတယ်။ သူရဘွဲ့ရရှိတဲ့ပုဂ္ဂိုလ်လေးဦးအပါအဝင် စုစုပေါင်း ၁၄၇ ဦး ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်တွေသာမကဘဲ လုံခြုံရေးဆိုင်ရာ တာဝန်ထမ်းဆောင်နေတဲ့ စစ်သည်တွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့ နိုင်ငံတော်ရဲ့ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေတဲ့ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေ၊ သာမန်ပြည်သူလူထုတွေ ပါဝင်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတော်ရဲ့လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက တပ်မတော်နဲ့ပြည်သူလက်တွဲပြီး လွတ်လပ်ရေးရရှိအောင် အသက်ပေါင်းများစွာ စတေးပြီး၊ ဘဝပေါင်းများစွာစတေးပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာလည်း ရန်ကုန်အစိုးရလို့ပဲ ကွက်ကွက်ကလေးခေါ်ရတဲ့ အင်းစိန်အထိတောင်မှပဲ သောင်းကျန်းသူတွေ လှုပ်ရှားစိုးမိုးနေတဲ့ နေရာကနေပြီး တပ်မတော်သားတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ တာဝန်သိ ပြည်သူလူထုတွေပူးပေါင်းပြီး နိုင်ငံတော်လွတ်လပ်ရေး တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်လာတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့လို့လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုတာ ယခုလက်ရှိ မြေပုံပေါ်မှာရှိနေတဲ့အတိုင်း ရှိနေတာပဲ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံတော်ရဲ့ကာကွယ်ရေး၊ လုံခြုံရေးတာဝန်၊ ပြည်ထောင်စုမပြိုကွဲရေးတာဝန်ကို ထမ်းဆောင်လာကြတဲ့ ပုဂ္ဂိုလ်တွေအားလုံး ဒီနေ့ဂုဏ်ထူးဆောင်ဘွဲ့တွေ၊ ဂုဏ်ထူးဆောင်တံဆိပ်တွေ ချီးမြှင့်ခံရတဲ့ပုဂ္ဂိုလ်တွေအားလုံးကို အသိအမှတ်ပြုဂုဏ်ယူပါကြောင်း လေးနက်စွာ ပြောကြားလိုပါတယ်။ နိုင်ငံတော်ရဲ့ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် အရာရှိ၊ စစ်သည်တွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေ ရှုပ်ရှုပ်ချွံချွံထမ်းဆောင်နေတဲ့အချိန်ကာလမှာ ကောလာဟလမျိုးစုံ ထုတ်လွှင့်မှုဆိုတာကတော့ ရှိမှာပဲဖြစ်ပါတယ်။ အကြမ်းဖက်သမားတွေအနေနဲ့ကတော့ အကြမ်းဖက်သမားတွေရဲ့ လုပ်ရိုးလုပ်စဉ်သည် ပထမဦးစွာ ဘာကိုဆောင်ရွက်တာလဲဆိုရင် အကြမ်းဖက်မှုတစ်ခုကို ဖြစ်မြောက်အောင် လုပ်ပြလိုက်တာပဲ။ အကြမ်းဖက်မှုတစ်ခုကိုဖြစ်မြောက်အောင်လုပ်ပြီးရင် သူနဲ့ ပင်းဖက်တဲ့ မီဒီယာတွေနဲ့ ပြီးရင်သူအကြမ်းဖက်လုပ်ခဲ့တာတွေကို ဝေဝေဆာဆာ ထုတ်ပြန်ပြီး လူထုရဲ့စိတ်ထဲမှာ အကြောက်တရား ဒါမှမဟုတ် လူထုရဲ့စိတ်ထဲမှာ ဂရုစိုက်မှုတစ်ခုရရှိလာအောင် သူကဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်မှုမျိုးတွေကို ဘယ်လိုမီဒီယာတွေ၊ ဘယ်လိုအဖွဲ့အစည်းတွေက ဆောင်ရွက်နေတယ်ဆိုတာ ပြည်သူတွေ လက်တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ သူတို့ရဲ့ပြောဆိုနေတဲ့ ဒီမိုကရေစီဆိုတဲ့စကား၊ ဖက်ဒရယ်ဆိုတဲ့စကားတွေဟာ သူတို့ရဲ့စိတ်ဓာတ်နဲ့ သူတို့ရဲ့ပါးစပ်နဲ့ တောင်မှ မလိုက်ဘူးလို့ဘဲပြောချင်ပါတယ်။

ဒီနေ့မှာဆိုလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေတဲ့ တပ်မမှူးတစ်ယောက်ကို အသေရရှိတယ်ဆိုပြီး သတင်းလွှင့်နေတာရှိပါတယ်။ ကျွန်တော့်အနေနဲ့ ရှင်းရှင်းလင်းလင်းပြောချင်တာကတော့ သူတို့ပြောနေတဲ့တပ်မမှူးဆိုတာသည် ရှေ့တန်းမှာစစ်ဆင်ရေးတာဝန်တွေကို ထမ်းဆောင်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီနေ့ဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) နန့်ခမ်းမှာ ထိတွေ့တိုက်ပွဲအနည်းငယ်ရှိပါတယ်။ လောက်ကိုင်ရဲ့အရှေ့တောင်ဘက်မှာ ထိတွေ့တိုက်ပွဲရှိပါတယ်။ လောက်ကိုင်ကို ရှော့တိုက်ဒုံးနဲ့ပစ်တာတွေရှိပါတယ်။ ၁၀၅ မိုင်မှာ




လည်း ထိတွေ့တိုက်ပွဲရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာတော့ တမူးအောင်ဇေယျစခန်းကို လာရောက်ပစ်ခတ်တာရှိပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ ပူးပေါင်းတပ်ဖွဲ့ဝင်တွေအနေနဲ့ ရှုပ်ရှုပ်ချွံချွံ ခုခံချေမှုန်းခဲ့တာကြောင့် ရန်သူအနေနဲ့ ထိခိုက်ဒဏ်ရာရရှိမှုတွေရှိတယ်ဆိုတာသိရပါတယ်။ သူတို့သိမ်းပိုက်ထားတယ်လို့ ကြွေးကြော်နေတဲ့ ခမ်းပါတ်တစ်ဝိုက်မှာလည်း စစ်ဆင်ရေးဆောင်ရွက်မှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။ အောင်မြင်မှုတွေရှိတယ်လို့ပဲ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ တပ်မတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးမရခင်ကတည်းကတိုင် လွတ်လပ်ရေးသည်ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဆိုပြီး Ideology မျိုးနဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ယခင်ကတည်းကတိုင် တိုင်းပြည်ရဲ့လိုအပ်ချက်အရ ပေါ်ပေါက်လာတဲ့ ဆိုရှယ်လစ်စနစ်တည်ထောင်ရေးမှာလည်း အမျိုးသားအကျိုးစီးပွားတစ်ရပ်အနေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးမည်သည့်အရောင်အသွေးမှမပါတဲ့၊ အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ရပ်တည်ချက်အပေါ်မှာပဲ ရပ်တည်ပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နေတာဖြစ်ပါတယ်။ အခုအချိန်အထိလည်း ကျွန်တော်တို့အနေနဲ့ ဒို့တာဝန်အရေးသုံးပါးအပေါ်မှာ ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်နေတာဖြစ်ပါတယ်။ ဒီလိုကာကွယ်စောင့်ရှောက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ ဒီအချိန်မှာတော့ နိုင်ငံရေးရည်မှန်းချက်တွေ၊ အမျိုးသားရေးရည်မှန်းချက်တွေ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အစိုးရအနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုစနစ်ကို ခိုင်ခိုင်မာမာ အာမခံထားပြီး ဖြစ်ပါတယ်။

ဒီနေ့ နိုင်ငံတစ်ဝန်းလုံးမှာ အကြမ်းဖက်မှုတွေကို အားပေးလုပ်ဆောင်နေတဲ့ NUG၊ PDF နဲ့ သူ့ရဲ့နောက်ကွယ်မှာရှိတဲ့ ဒီမိုကရေစီဆိုတဲ့ အမည်ခံထားတဲ့ နိုင်ငံကြီးတွေရဲ့လုပ်ဆောင်ချက်ကို ပြန်ကြည့်ပါ။ မြန်မာနိုင်ငံမှာအလုံးစုံပျက်သုဉ်းရေး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဆရာ ဆရာမတွေ၊ ဘုန်းကြီးတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို သတ်ရုံမကဘဲ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို တိုက်ရိုက်စော်ကားတာတွေ၊ ထိပါးတာတွေဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်းတံတားတွေ၊ လျှပ်စစ်တာဝါတိုင်တွေဖျက်ဆီးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ သူတို့အနေနဲ့ ကြွေးကြော်နေတာလည်း ဒီမိုကရေစီရရှိရေးဆိုတာမျိုး၊ ဖက်ဒရယ်ဆိုတဲ့ဟာမျိုးကြွေးကြော်နေတာ ဖြစ်ပါတယ်။ ကျွန်တော် ဥပမာတစ်ခုပဲ ထုတ်ပြလိုပါတယ်။ ဒီလူတွေသည် မြန်မာနိုင်ငံမှာ အစိုးရငါးနှစ်လုပ်ခဲ့ဖူးပါတယ်။ သူတို့အနေနဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ မဲမသမာမှုနဲ့ နိုင်ငံတော်အာဏာကိုမတရားရယူလိုမှုကြောင့်သာ ဒီလူတွေသည် လက်နက်ကိုင်လမ်းစဉ်ရွေးပြီးတောထဲရောက်သွားတာဖြစ်ပါတယ်။ သူတို့အစိုးရဖြစ်တုန်းက မှတ်မှတ်ရရ ယခုနိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်မှာ ဝန်ကြီးချုပ်တွေခန့်အပ်ခြင်း၊ ဝန်ကြီးချုပ်တွေရွေးချယ်ခြင်း ပုဒ်မ ၂၆၁ နဲ့ပတ်သက်ပြီး ပြင်ဆင်နိုင်ဖို့အတွက် တရားဝင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ပြောခဲ့ဖူးပါတယ်။ ပုဒ်မ ၂၆၁ ရဲ့အနှစ်သာရအရ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လွှတ်တော်ကိုယ်စားလှယ်တွေထဲက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို သမ္မတကခန့်ရတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ အဲဒီအချိန်တုန်းက ဒီကိစ္စနဲ့ပတ်သက်ပြီး ရခိုင်လွှတ်တော်က သူတို့ထောက်ခံတဲ့သူကို တင်ချင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး တပ်မတော်အနေနဲ့လည်း လွှတ်တော်ကနေ အများစုထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်ကို ပြည်နယ်နဲ့တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ဖို့စဉ်းစားသင့်တယ်လို့ ကျွန်တော်တို့ပြောခဲ့ပါတယ်။ အဲဒီအချိန်တုန်းက အခုဒီမိုကရေစီတို့ ဖက်ဒရယ်တို့ကြွေးကြော်နေတဲ့သူတွေသည် အစိုးရဖြစ်ပါတယ်။ တုတ်တုတ်မှမလှုပ်ခဲ့ပါဘူး။ အဲဒီတော့ ကျွန်တော်ပြောချင်တာက တိုင်းရင်းသားတွေအနေနဲ့ တိုင်းရင်းသားတွေ၊ ပြည်သူလူထုတွေအလိုရှိတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်အစိုးရက ဦးဆောင်ပြီး ဖော်ဆောင်ပေးခဲ့တာဖြစ်ပါတယ်။ အခုအထိ ဒီစနစ်ကိုအာမခံပါတယ်လို့လည်း ပြောထားတာဖြစ်ပါတယ်။ တပ်မတော်အစိုးရသည် တပ်မတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို သံယောင်လိုက်နေတဲ့အဖွဲ့အစည်းမဟုတ်ပါဘူး။ ဦးဆောင်တည်ထောင်ခဲ့တာဖြစ်သလို ဘယ်လိုဖြေလျှော့မှုတွေလုပ်ရမယ်။ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကိုဘယ်လိုဆောင်ရွက်ပေးနိုင်မယ်ဆိုတာ အမြဲတမ်းတွေးတောနေတာ ဖြစ်ပါတယ်။ ဒီဟာကိုသံယောင်လိုက်နေတဲ့အဖွဲ့တွေအနေနဲ့ ခုနကပြောတဲ့ ပုဒ်မ ၂၆၁ ကိုပြင်ပါဆိုတဲ့အချိန်မှာ ဘယ်သူမှ တုတ်တုတ်မှ မလှုပ်တာကို အားလုံးက သတိရမိမယ်ထင်ပါတယ်။ ဒါကြောင့် ကျွန်တော်ပြောချင်တာက ကျွန်တော်တို့အနေနဲ့ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။ ဒီလိုအမြဲတမ်းကာကွယ်စောင့်ရှောက်တဲ့နေရာမှာ အပြောနဲ့မဟုတ်ဘဲနဲ့ လက်တွေ့အလုပ်နဲ့ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီတော့အားလုံးသည် အပြောကိုပဲယုံကြမလား၊ လက်တွေ့အလုပ်ပေါ်မှာပဲမူတည်ပြီးဆုံးဖြတ်ကြမလားဆိုတာကို တွေးတောဖို့ အချိန်တန်ပြီလို့ပြောချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းကတိုင် လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေ အမြန်ချုပ်ငြိမ်းဖို့ဆိုတာသည် တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအပြင် ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ပါဝင်မှုအရေးကြီးပါတယ်။ ဒီလိုမျိုးဆောင်ရွက်မှသာလျှင် ကျွန်တော်တို့ ရည်မှန်းထားတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကြီးဖြစ်လာမှာဖြစ်တဲ့အတွက်ကြောင့် ယနေ့ကျွန်တော်တို့နိုင်ငံမှာ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေမှာ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြဖို့၊ တိုင်းရင်းသားအဖွဲ့အစည်းတွေအားလုံးက ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

---

**❂ MFF မှ**

ယခုပြိုင်ပွဲတွင် အမျိုးသမီးဖူဆယ်ကလပ်ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၂)ကို ဒီဇင်ဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၉ နာရီတွင် YRG အသင်းနှင့် Divine အသင်း၊ နံနက် ၁၀ နာရီခွဲတွင် Burmese Bees အသင်းနှင့် ရွှေပြည်သာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

သက်ရှိကမ္ဘာရှင်သန်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# မော်လမြိုင်မြို့၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ



မော်လမြိုင် ဒီဇင်ဘာ ၇

(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဖတ်ကြားခဲ့သည်။

ထို့နောက် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းကလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးကလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖြေဖျော်၍အခမ်းအနားကို ရုပ်သိမ်းပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက တက်ရောက်လာသော ကျောင်းသားကျောင်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သတင်းစကားလက် ကမ်းစာစောင်များကို တက်ရောက်လာသူများအား ဝေငှပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် ကန်ကြီးထောင့်မြို့နယ် ဘဲဂရက်လမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ



ကန်ကြီးထောင့် ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘဲဂရက်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ အခမ်းအနားတွင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံများအား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများထံသို့ တာဝန်ရှိသူများက ပေးအပ်ကြပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးတို့က ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

## ရှင်းလင်းပြသ

ထို့နောက် ကွန်ကရစ်လမ်းသစ်အား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များက ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ ဘဲဂရက်ကွန်ကရစ်လမ်းသစ်သည် အလျားပေ ၃၀၀၊ အနံ ၁၄ ပေ၊ ဒုရှစ်လက်မရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၂ ဒသမ ၀၅ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

■

# မြဝတီမြို့၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

မြဝတီ ဒီဇင်ဘာ ၇

ကရင်ပြည်နယ် မြဝတီမြို့၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

## ဆုများချီးမြှင့်

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းက ဖတ်ကြားပြီး အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် (စာစီစာကုံး၊ ကဗျာ) ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)



# ပြည်မြို့တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပ

ပြည် ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့်အခမ်းအနားကို



ယနေ့နံနက် ၉နာရီက ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

## ချီးမြှင့်ပေးအပ်

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က ဖတ်ကြားပြီး ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်၊ သာယာဝတီနှင့် နတ်တလင်းခရိုင်အတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများမှ အမျိုးသားအောင်ပွဲနေ့ဆိုင်ရာ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ( စာစီစာကုံး၊ ကဗျာ၊ ပန်းချီ) ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# မိုင်းရှူး၌ အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ကျင်းပ

မိုင်းရှူး ဒီဇင်ဘာ ၇

(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မိုင်းရှူးမြို့ အခြေခံပညာအထက်တန်းကျောင်း ခရေဆောင်ခန်းမ၌ ကျင်းပသည်။

## ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မိုင်းရှူးခရိုင် ပညာရေးမှူး ဦးအေးဝင်းက ဖတ်ကြားပြီး အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မိုး/ဇလ

# နိုင်ငံတစ်ဝန်း (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများ ကျင်းပ

**ထားဝယ်**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုက ဖတ်ကြားသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






**မှော်ဘီ**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်နံနက် ၈ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သဝဏ်လွှာကို မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က ဖတ်ကြားပြီး (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်၊အလယ်တန်းအဆင့်နှင့်မူလတန်းအဆင့် စာစီစာကုံး၊ ပန်းချီနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဝင်းဇော်(မှော်ဘီ)**

**တနင်္သာရီ**

(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီခန့်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးက ဖတ်ကြားသည်။




**ဆုများချီးမြှင့်**

ထို့နောက်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

**တိုက်ကြီး**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်နံနက် ၇ နာရီက အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင် ကျော်စိုးက ဖတ်ကြားပြီး အမျိုးသား အောင်ပွဲနေ့ အထိမ်း အမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား မြို့နယ် စီမံအုပ်ချုပ်ရေး



အဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

**ဉာဏ်ဟိန်း**



**မုဒုံ**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရ ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ပညာရေးမှူးတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

**ဖားကန့်**

(၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ကချင်ပြည်နယ် ဖားကန့်မြို့ အခြေခံပညာအထက်တန်း




ကျောင်း ဥတုရတနာခန်းမ၌ ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

**ဆုများချီးမြှင့်**

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ဖတ်ကြားပြီး အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၉-၁၂-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ်(၄၉)တွင် ယခင်က နွားကျောင်းပျင်းသော ပုပုသည် ယခုတွင်မူ နွားကျောင်းရမည်ကို မပျင်း တော့သည့်အကြောင်း တင်ဆက်ထားသည့် "ပုပုပါဝင်သည့်တစ်ရက်ကုန်သွားပြီ" မျက်နှာဖုံးကာတွန်း၊ ပေသီးသင်္ချာအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "ပေသီးသင်္ချာ" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ အခွံမာသီးကို အလွယ်တကူခွဲ၍ရသည့် အကြံကောင်းကို ရရှိသွားသော ရှဥ့်နှစ်ကောင်အကြောင်း ရေးဖွဲ့ထားသည့် "ကောင်းလိုက်တဲ့အကြံ" နှစ်မျက်နှာ ကာတွန်း၊ မိဘတို့၏ သားသမီးများအပေါ် ထားရှိသည့် မေတ္တာကရုဏာ ကြီးမားပုံအကြောင်းတင်ဆက်ထားသည့် "ကြက်ဝါမကြီး သနားစရာ" ဝတ္ထုကဏ္ဍ၊ စာသင်ကျောင်းရှိ သားသားမီးမီးတို့၏ ညီညီညာညာ စာအံသံများအကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်နေမွန်၏ "အနာဂတ်ကြယ်ပွင့်လေးများ" ကဗျာကဏ္ဍ၊ ကြော်ငြာကဏ္ဍနှင့် အင်္ဂလိပ်သဒ္ဒါကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ကြီးမှူးကျင်းပသော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ကြီးမှူးကျင်းပသော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဘွဲ့တံဆိပ်တော်များဆက်ကပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပရာ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဇမဟာရဋ္ဌဂုရုဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ အောင်မောင်း(၉)ချက်တီးကာ ဖွင့်လှစ်သည်။



ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ ရာသက်ပန်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ နာယကက ဖတ်ကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)(ဗဟို) ဥက္ကဋ္ဌက (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်၏ အမျိုးသားအောင်ပွဲနေ့ ဩဝါဒကိုနာယူကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရရှိတော်မူသော အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဇောတိကဓဇဘွဲ့ ၁၁ ပါး၊ မဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့ ၁၃ ပါး၊ မင်္ဂလဓမ္မဇောတိကဓဇဘွဲ့ ၃၄ ပါး၊ လူပုဂ္ဂိုလ် ၁၀၀ တို့အား မင်္ဂလာဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကွန်ဟိန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကွန်ဟိန်း ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဝမ်ဆက်ကျေးရွာနှင့် နားကျိုင်းကျေးရွာတို့၌ ကွင်းဆင်းစစ်ဆေးသည်။

**အချိန်မီပြီးစီးရေးဆောင်ရွက်**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် တာဝန်ရှိသူများသည် ဝမ်ဆက်ကျေးရွာတွင် အရှည်ပေ ၂၅၀၀ ရှိ စိမ့်စမ်းအမြင့်တင် သွယ်ယူခြင်းလုပ်ငန်းနှင့် နားကျိုင်းကျေးရွာတွင် အရှည်ပေ ၄၀၀၀ ရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဆောက်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**၇၀ ရာခိုင်နှုန်းခန့်ပြီးစီး**

အဆိုပါကျေးရွာနှစ်ရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို အသုံးပြု၍ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**၂၂၂**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပုသိမ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်တက္ကသိုလ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသားအားကစားပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ပုသိမ်တက္ကသိုလ် အားကစားကွင်း၌ ကျင်းပသည်။

**ဖွင့်လှစ်ပေး**

အားကစားပြိုင်ပွဲကို ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းက အမှာစကားပြောကြား၍ဖွင့်လှစ်ပေးပြီး ဘော်လီဘောပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အမျိုးသားအသင်း ခုနစ်သင်း၊ အမျိုးသမီးအသင်း ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဘောလုံးပြိုင်ပွဲတွင် ဘာသာရပ်ဌာနအသီးသီးမှ ပြိုင်ပွဲဝင် ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၇ ရက်တွင်ကျင်းပ၍ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံရှိ ပညာရှင်တစ်ဦးက ပလတ်စတစ်အမှိုက်ကိုအပူပေးကာ လောင်စာဆီထုတ်သည့်စက် ဖန်တီးတည်ဆောက်

**ရန်ကုန် ဒီဇင်ဘာ ၇**

ပလတ်စတစ်အမှိုက်ကို အပူပေးကာ လောင်စာဆီထုတ်သည့်စက် ဖန်တီးထားကြောင်း စက်ကိုဖန်တီး တည်ဆောက်ထားသူ အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းက ပြောသည်။

အဆိုပါစက်ကို နိုင်ငံတကာ နည်းပညာအသုံးပြုကာ ကိုယ်ပိုင်ဒီဇိုင်းဖြင့် ဖန်တီးပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပလတ်စတစ်အမှိုက်ကို အပူပေးခြင်းဖြင့် ဒီဇယ်၊ ဓာတ်ဆီနှင့် သန့်စင်မီးခိုးငွေ့ ပြန်လည်ထုတ်ယူနိုင်ခြင်းဖြစ်ကာ ရရှိလာသောဒီဇယ်ကိုလည်း အခြားယာဉ်များတွင် စမ်းသပ်မောင်းနှင်ထားပြီးဖြစ်ကြောင်း ဦးသန့်ဇင်ထွန်းက ရှင်းပြသည်။

“သူ့လုပ်ငန်းစဉ်က နည်းပညာအရ ပြောမယ်ဆို လောင်စာဓာတ်ငွေ့ကို နည်းပညာအရ ပြောင်းထားတာ။ ကျွန်တော်တို့သုံးမယ့်နည်းပညာက အင်ဂျင်နီယာနည်းပညာနဲ့ ပြောင်းလဲပြီး လောင်စာဆီအဖြစ် ပြန်ထုတ်တာမျိုးပါ။ ကျွန်တော်တို့သုံးနိုင်မယ့်



စွန့်ပစ်ပလတ်စတစ်မှ လောင်စာဆီထုတ်လုပ်သည့်စက်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ဦးသန့်ဇင်ထွန်း

ကုန်ကြမ်းက ဘယ်လို ပလတ်စတစ်ဖြစ်ဖြစ် သုံးလို့ရတယ်။ လောင်စာဆီအဖြစ် ပြောင်းလဲနိုင်မယ်။ ပလတ်စတစ်အမှိုက် အကုန်လုံးကို ထည့်လို့ရပါတယ်”ဟု ၎င်းကဆိုသည်။

ဒီဇယ်ဆီ၊ ဓာတ်ဆီနှင့် သန့်စင်ပြီး မီးခိုးငွေ့ထွက်လာမည်ဖြစ်ကာ ဒီဇယ်ဆီ အများဆုံးထွက်မည်ဖြစ်ပြီး စက်၏ဒီဇိုင်းအရ ရင်းနှီးမြှုပ်နှံမှုအပေါ် မူတည်ကာ စက်ပမာဏအရ ထုတ်လုပ်နိုင်စွမ်း ကွာခြားသွားမည် ဖြစ်ကြောင်း ဦးသန့်ဇင်ထွန်းက ရှင်းပြသည်။

“ဒီစက်ရဲ့ဒီဇိုင်းကို ကိုယ်ပိုင်အနေနဲ့ တီထွင်ထားတာပါ။ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့မှာ အရင်က စမ်းသပ်လည်ပတ်ခဲ့ပြီးပါပြီ။ ဘုတလင်မှာ စမ်းသပ်ထုတ်လုပ်တုန်းက ထွက်လာတဲ့ဒီဇယ်ကို မီးစက်အင်ဂျင်မှာလည်း မောင်းခဲ့တယ်။ တရုတ်ကလာတဲ့ တစ်လုံးထိုး လယ်ယာသုံးထွန်စက်ကိုလည်း အဲဒီဆီနဲ့ စမ်းသပ်မောင်းနှင်ခဲ့တယ်”ဟု ၎င်းက ဆိုသည်။

ပတ်ဝန်းကျင်တွင် ပလတ်စတစ်အမှိုက်များစွာကို တွေ့ရှိရကာ သဘာဝအလှအပများ ပျက်စီးနေသည်ကိုတွေ့ရပြီး ပုံမှန်မီးရှို့လျှင်လည်း ပတ်ဝန်းကျင်ကို ထိခိုက်နိုင်သောကြောင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေး စက်ပစ္စည်းတစ်မျိုးဖန်တီးရန် စိတ်ကူးရခဲ့ခြင်းဖြစ်ကြောင်း ဦးသန့်ဇင်ထွန်းက ပြောသည်။

**ထက်ဦးမောင်**

## ဝတ္ထုတို

# ရွှေရတုလွန်အတွေး

ကောင်းစစ်လင်း

**“သင့်ကိုယ်သင်**
**မသေမီကပင် တကယ်သေရဦးမည်ကို**
**ကြိုတင်လည်းတွေး ကြိုတင်၍လည်း**
**ဖြေဆေး ကျွေးထားရာ၏။**
**ဤသို့ သေခြင်းကိုတွေး သေရေးကို အလေးပြု**
**ထားခဲ့သော် တကယ်သေသောကာလမှာ**
**မသေရတော့ပြီ။”**

မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး၏ သေခြင်းကိုတွေးကြည့်ပါဆိုတဲ့ စာသားလေးက ကျွန်တော့်ကို အသိတရားတွေ ပေးနေလေရဲ့။

မကြာမီရက်ပိုင်းအတွင်းမှာ မွေးနေ့ကို ရောက်တော့မယ်။ မွေးနေ့မှာကောင်းမှုကုသိုလ်တွေ ပွားများမယ်။ ငယ်သူငယ်ချင်းတွေနဲ့ တွေ့ဆုံပြီး ရှေးဖြစ်နောက်ကြောင်းတွေ ပြောကြမယ်။ မအိုခင်၊ မနာခင်၊ ကိုယ့်အရိုးကို ကိုယ်သယ်နိုင်တဲ့အချိန်မှာ သွားကြလာကြ၊ စားကြသောက်ကြမယ်ပေါ့။ အတွေးဖြင့်ပင် ကြည်နူးကျေနပ်နေမိပါတော့တယ်။

“ဖေကြီးမွေးနေ့ ရောက်တော့မယ်နော်။ ဘုရားမှာ ဆီမီးသက်စေ့၊ ပန်းသက်စေ့၊ ရေချမ်းသက်စေ့ ကပ်လှူပူဇော်ဖို့ ကြိုတင်စီစဉ်ထားတယ်”

ဇနီးဖြစ်သူရဲ့စကားကြောင့် အတွေးတို့ တုံ့ဆိုင်းသွားရတယ်။ မွေးနေ့မှာ ကောင်းမှုကုသိုလ်ရေးတွေ စီစဉ်ပေးနေတဲ့ ချစ်ဇနီးကို ကျေးဇူးတင်လိုက်မိတယ်။

“ကျေးဇူးအထူးပါ လေဒီရေ။ ကိုယ်လည်း စဉ်းစားနေတာပါ။ လေဒီလောက်တော့ စနစ်မကျဘူးပေါ့ကွာ။ လေဒီက နှစ်စဉ် စီစဉ်ပေးနေတာဆိုတော့ အထူးဝမ်းသာတယ်ကွယ်”

“ဒါတင်မကသေးဘူးနော်။ ယောကျ်ားအတွက် ခေတ်မီမီသွားလာနိုင်ဖို့ အီးဗွီကားတစ်စီး မွေးနေ့လက်ဆောင် စီစဉ်ထားတယ်။ စပရိုက်တွေဘာတွေ လုပ်မနေချင်လို့။ ယောကျ်ားလည်း စောစောစီးစီး ဝမ်းသာရအောင်လို့ပါ။ ကြိုက်တယ်မဟုတ်လား”

ကျွန်တော် မှင်တက်သွားရတော့တာပေါ့။ မထင်မှတ်ထားတဲ့အကွက်တွေကိုကျွန်တော့်ဇနီးက ထုတ်သုံးလိုက်တော့ ဝမ်းသာဝမ်းနည်းဖြစ်ရတာတော့အမှန်။

“ဘာမှပြန်မပြောတော့ဘူးလား။ ဘာဖြစ်သွားတာလဲ ပြောပါဦး”

“ဩော် လေဒီရယ် ဝမ်းသာလုံးဆို့သွားလို့ပါ”

အလျှောက်ကောင်းလို့ အထောင်းသက်သာသွားရတယ်လို့ ဆိုရမှာပေါ့။ ကျွန်တော့်ဇနီးက အတော်လေးကျေနပ်သွားဟန်နဲ့ ကျွန်တော့်ကို ငေးကြည့်နေလေရဲ့။ ကျွန်တော်လည်း ပြန်ငေးကြည့်နေမိတာ ဘယ်လောက်ကြာသွားတယ်မသိ ပကတိငြိမ်သက်သွားတာတော့သေချာတယ်။

“ဖေဖေ မွေးနေ့က ဒီနှစ် မွေးနေ့မွေးရက် တစ်ထပ်တည်းကျတယ်နော်။ ဒီနှစ်က ထူးခြားတဲ့နှစ်လို့ မေမေက ပြောတယ်”

သားရဲ့စကားသံက ကျွန်တော်တို့ ဇနီးမောင်နှံကို လှုပ်နှိုးလိုက်ပါတယ်။

“ဟုတ်တယ်ယောကျ်ားရေ၊ အဲဒါကြောင့် ယောကျ်ားအတွက် အထူးရှယ်လုပ်ပေးထားတာ။ ယောကျ်ားဖြစ်ချင်တာရှိရင်လည်း ပြောဦးနော်။ ပွဲတွေတိုက်နေမှာစိုးလို့ပါ”

ကျွန်တော့်ဇနီးက အကင်းပါးသူပီပီ ကျွန်တော့် အစီအစဉ်တွေကို သိချင်နေမယ်ဆိုတာ ချက်ချင်း သိလိုက်လို့ အစီအစဉ်အချို့ကို လက်တမ်းရွတ်ပြလိုက်ပါရဲ့။ အစီအစဉ်က သိပ်များလို့တော့မဟုတ်။ သုံးခုလောက်သာ။ ဇနီးစီစဉ်တဲ့ပွဲတွေနဲ့လည်း လွတ်ကင်းတယ်။ မွေးနေ့ပွဲအကြိုရက်တွေမှာနဲ့ မွေးနေ့ရက်အပြီးတွေမှာဖြစ်လို့ ကျေနပ်ကြည်ဖြူစွာနဲ့ ဇနီးက ခွင့်ပြုလိုက်ပါတယ်။

x x x

**“ဘဝဆိုတာ ခဏလေးပါ**
**တို့တစ်တွေဟာ ဧည့်သည်တွေပါ”လို့**
**ရှင်းရှင်းလင်းလင်းလည်းမသိ၊**
**သိသော်လည်း အဲဒီအသိကို များလာအောင်**
**မစဉ်းစား၊ မဆင်ခြင်၊ မပွားများဘူး ဆိုရင်တော့**
**နေစဉ်အခါမှာလည်း**
**သံယောဇဉ်တွေတင်းပြီး မလွတ်မလပ်နှင့်**
**ဆင်းရဲပူလောင်စွာ နေရလိမ့်မယ်။**
**သေစဉ်အခါမှာလည်း စွဲလမ်းမှုတွေကြီးနေလို့**
**အခွဲခက်၊ အခွာခက်ဖြစ်ပြီး**
**တကယ့်ကိုပဲ**
**ပူပူလောင်လောင် ဆင်းဆင်းရဲရဲ သေရလိမ့်မယ်။”**

သစ္စာရွှေစည်ဆရာတော် အရှင်ဥတ္တမရဲ့ စဉ်းစားဆင်ခြင်ပွားများပါဆိုတဲ့ မိန့်မှာမှုစာသားလေးကို ရေရွတ်ရင်း ဘဝဆိုတာခဏလေးပါလားလို့ တွေးနေမိပြန်တယ်။

တကယ့်ကို ခဏကလေးပါ။

ငယ်စဉ်က မူလတန်းအရွယ်၊ အလယ်တန်းအရွယ်၊ အထက်တန်းအရွယ်၊ တက္ကသိုလ်ကျောင်းသားအရွယ်၊ လုပ်ငန်းခွင်ဖြတ်သန်းမှုအရွယ်၊ အိမ်ထောင်သားမွေးအရွယ်တွေရယ်ဆိုပြီး ဖြတ်သန်းလာလိုက်တာ ရွှေရတုကျော်ကာလတွေကိုရောက်မှပဲ ဘဝရဲ့ တစ်စိတ်တစ်ပိုင်းကို ပြန်ပြီး စဉ်းစားမိလာရတယ်။ သေခြင်းတရားသဘောကို ဆင်ခြင်မိလာတယ်။

ကိုဗစ်ကာလတွေကို ဖြတ်သန်းစဉ်အခါကလည်း မိတ်ဆွေတွေ၊ သူငယ်ချင်းရောင်းရင်းတွေ၊ ရင်းနှီးခင်မင်ရတဲ့သူ အတော်များများ ကြွေလွင့်ပျောက်ကွယ်ကြရတယ်။ အဲဒီနောက်ပိုင်းတော့ နေထိုင်ဖြတ်သန်းမှုပုံစံ ပြောင်းလိုက်ပြီး သွားချင်စိတ်ရှိရင် ချက်ချင်းသွားလိုက်တယ်။ တွေ့ချင်တဲ့သူရှိရင် ချက်ချင်းသွားတွေ့လိုက်တယ်။ ဆန့်သောလက်မကွေးမီ အကောင်အထည်ဖော်ဖြစ်လိုက်တာပါပဲ။

အချိန်တွေက နည်းလာပြီလေ။

ခရီးတိုတို လက်ကျန်ဘဝရှင်သန်မှုမှာ လောဘ၊ ဒေါသ၊ မောဟတွေကို တတ်နိုင်သလောက်လျှော့ချပြီး အေးချမ်းပျော်ရွှင်စွာနဲ့ ဖြတ်သန်းဖို့ ကြိုးစားအားထုတ်နေမိတယ်။

နေမှု၊ သေမှု၊ ရှင်သန်မှု အစုစုအတွက် ဆရာတော်ကြီးတွေရဲ့ စကားတွေကို အလိုလိုရေရွတ်နေမိလာတယ်။

အဲဒါဟာ ကောင်းမွန်တဲ့ပြင်ဆင်မှုလို့ ဆိုရမလားပဲ။

x x x

**ဘဝဆိုတာ**
**အသံထွက်၍ ငိုခြင်းမှစ၍**
**အသံတိတ်၍ ကြိတ်ငိုခြင်းမှာဆုံးတယ်။**
**မြင့်မြတ်သူတွေမှာတော့ ဘဝကိုငြိမ်းချမ်းတဲ့**
**အပြုံးနဲ့ပဲ ဆုံးစေတယ်။**

ဖားအောက်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏရဲ့ ဘဝအဓိပ္ပာယ်ဆိုတဲ့ စကားလေးက ကျွန်တော့်အတွက် ခွန်အားဖြစ်စေတာ၊ ခွန်အားတိုးစေလိုက်တာ။

အပြုံးနဲ့ အဆုံးသတ်နိုင်ဖို့ မြင့်မြတ်သူတွေရဲ့တရားကို ကျင့်ကြံအားထုတ်ရပေဦးမယ်။ ရွှေရတုလွန်မွေးနေ့တစ်ခုကို ဖြတ်သန်းဖို့နီးလာလေလေ ဝန်းကျင်က ကျင်းပမယ့်အစီအစဉ်တွေကို တွေးမိရင်း အပြုံးနဲ့ပဲ ဆုံးစေနိုင်ရေး ကျွန်တော့်အနေနဲ့ အများကြီး ကြိုးစားကျင့်ကြံ အားထုတ်ရဦးမှာပါလား။

ဘဝဆိုတာ ခဏလေးပါ။

ဘဝဆိုတာ ခဏလေးပါဗျာ။ ။

# ငြင်းပယ်ခြင်းအလှနှင့် ထမင်းခွံ့ကျွေးသော ချိုချင်းဓလေ့

အမ်းမ်လောင်ရှီ

လောကတွင် ထမင်းခွံ့ကျွေးရန် လိုအပ်သောသူများမှာ သာမန်အားဖြင့်ကြည့်လျှင် လက်ဖြင့် ကိုယ်တိုင်အစာမစားနိုင်သော ကလေးသူငယ်များ၊ နာဖျားမကျန်းမာဖြစ်သူများ၊ သက်ကြီးရွယ်အိုများသာ ဖြစ်သည်။ သို့သော် ကိုယ်တိုင်စားနိုင်သူများဖြစ်သော်လည်း ထမင်းခွံ့ကျွေးခြင်းဓလေ့ကို အမြတ်တနိုးတန်ဖိုးထား၍ ကျင့်သုံးသော ချင်းမျိုးနွယ်မှာ ချိုချင်းများ ဖြစ်သည်။

အဘယ်ကြောင့် ထမင်းခွံ့ကျွေးသောဓလေ့ကို ကျင့်သုံးကြပါသနည်း။ လက်ဖြင့် ကိုယ်တိုင်ထမင်းမစားနိုင်သောသူများကို မေတ္တာ၊ ကရုဏာဖြင့် ခွံ့ကျွေးသကဲ့သို့ပင် ကိုယ်တိုင်စားနိုင်သူများကိုလည်း မေတ္တာပွား၍ လေးစားခြင်း၊ အလေးအနက်တန်ဖိုးထားခြင်း၊ စည်းလုံးချစ်ကြည်ခြင်းကို ပြသလိုသောကြောင့် ထမင်းခွံ့ကျွေးသောဓလေ့ကို ကျင့်သုံးရခြင်းဖြစ်ကြောင်း အဘိုး ဦးရှိထန်းက ရှင်းလင်းပြောပြသည်။

ချိုချင်းဓလေ့ ဖွင့်ဆိုချက်များမှာ မူကွဲများလည်း ရှိနိုင်သဖြင့် အခြားသောဒေသနေ အချို့သော ချိုချင်းမျိုးနွယ်စုများ၏ ဖွင့်ဆိုချက်များကိုလည်း လေ့လာသင့်ပေသည်။

မည်သို့သော အခမ်းအနားများတွင် ထမင်းခွံ့ကျွေးသောဓလေ့ကို ကျင့်သုံးကြသနည်း။ ခင်မင်လေးစားရသူတစ်ဦးကို သာမန်ထမင်းဖိတ်ကျွေးခြင်းမှသည် အလွန်ကြီးကျယ်သော လုံယူးပွဲ (ကျောက်ပျဉ်ချီအလှူပွဲကြီး)များအထိ ထိုဓလေ့ကျင့်သုံးကြသည်။ ရှေးယခင်က အထူးဧည့်သည်များကို စားကောင်းသောက်ဖွယ်များဖြင့် ဧည့်ခံခြင်းများနှင့် ရိုးရာပွဲအားလုံးနီးပါးတွင် ထမင်းခွံ့ကျွေးသောဓလေ့ကို ကျင့်သုံးခဲ့ကြပါသည်။ သို့သော် ယခုနောက်ပိုင်းကာလ၌ အထူးသတ်မှတ်ထားသော ပွဲတော်များနှင့် ဧည့်ခံပွဲများတွင်သာ ထမင်းခွံ့ကျွေးခြင်းကို ကျင့်သုံးကြတော့ကြောင်း တွေ့ရပေသည်။ ဤသည်မှာလည်း ယဉ်ကျေးမှုဓလေ့များ တိုးတက်ပေါင်းဆုံလာမှုနှင့် ပြောင်းလဲပြုပြင်ကျင့်သုံးမှုများကြောင့် ဖြစ်ပေသည်။

ခွံ့ကျွေးပုံ ခွံ့ကျွေးနည်းမှာ ဤသို့တည်း။ အသားသုပ်များ၊ ဟင်းတုံးများကို ပင်တိုင်ထည့်ပေးသော ဟင်းသူကြီးဟုဆိုရမည့် ခေါင်းဆောင်ထားရှိရသည်။ ထိုသူသည် အသားတုံးများ၊ အသားသုပ်များ ထည့်ထားသော ရိုးရာကြိမ်ဆန်ကော၊ ဝါးဆန်ကောရှေ့တွင် နေရာယူရသည်။ ခွံ့ကျွေးမည့်သူများသည် လက်ဝါးနှစ်ဖက်တွင် ထမင်းထည့်၍ ဟင်းသူကြီးထံ သွားရသည်။ ဟင်းသူကြီးက လက်ဝါးပေါ်ရှိ ထမင်းအလယ်တွင် အသားတုံး၊ အသားသုပ်များကို ထည့်မြှုပ်ပေးလိုက်ရသည်။ ခွံ့ကျွေးမည့်သူက လက်ဝါးနှစ်ဖက်ရှိ ထမင်း၊ ဟင်းများကို အားဖြင့်ပေါင်းစု၍ ကြာဖူးပုံစံဖြစ်အောင်ပြုရသည်။ ထို့နောက် စားသုံးမည့်သူထံသွားကာ လက်ဝါးနှစ်ဖက်ဖြင့် ခွံ့ကျွေးရသည်။ ပြီးလျှင် နောက်တစ်ဦးကို ခွံ့ကျွေးရန် ထမင်းယူကာ ဟင်းသူကြီးထံ သွားရပြန်သည်။

ခွံ့ကျွေးခံရမည့်သူသည် “ဟာ မလုပ်ပါနဲ့၊ မစားပါရစေနဲ့”ဟု အစပိုင်းတွင် ငြင်းလေ့ရှိသည်။ သုံးကြိမ်၊ သုံးခါ ငြင်းပြီးနောက် လက်ခံကာ ပါးစပ်ဟ၍ ခွံ့ကျွေးမှုကို လက်ခံလိုက်သည်။ ချိုချင်းဓလေ့အရ ငြင်းပယ်ခြင်းသည်လည်း အလှတစ်ပါးဟု ဆိုပါသည်။ ကျွေးတိုင်းမစား၊ ပေးတိုင်းမယူ အားနာသမှုရှိသည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်ပါသည်။ ကျွေးသူကလည်း ငြင်းဆန်နေသည့်ကြားမှ အလေးအနက်ထားကာ မရမက အထူးတလည် ကျွေးမွေးချင်သည်ဟူသော အဓိပ္ပာယ်လည်း ဖြစ်ပါသည်။

ထမင်းခွံ့ကျွေးရာ၌ ဟင်းသူကြီးက ပထမပိုင်းတွင် အသားနည်းနည်း၊ အသီးအရွက်များများကို ထည့်ပေးကာ နောက်ပိုင်းတွင် အသားများများ၊ အသီးအရွက်နည်းနည်း ထည့်ပေးလေ့ရှိသည်။ အပြီးသတ်တွင် အသီးအရွက်နှင့် ထမင်းမပါဘဲ အသားများချည်း ထည့်ပေးတတ်သည်။

အသားပြုတ်ရည်တွင် အသီးအရွက်များ ချက်ထားသော အရေသောက်ဟင်းဇလုံများကို သင့်ရာနေရာများ၌ ဇွန်းတပ်လျက် ထားရှိပေးသည်။ ထမင်းခွံ့ကျွေးခံရသူများက ယူ၍ သောက်သုံးနိုင်ပါသည်။

ထမင်းခွံ့ကျွေးရာ၌ ရှေးခေတ်ဘိုးဘွားတို့သည် အယုတ်၊ အလတ်၊ အမြတ်မရွေး ဆင်းရဲချမ်းသာမခွဲခြားဘဲ ကျွေးမွေးတတ်ကြသည်ဖြစ်ရာ မှတ်သားအတုယူစရာဖြစ်ပါသည်။

အချို့သော ပွဲတော်များတွင် ခွံ့ကျွေးသောသူ လူအင်အားနည်းနေပါက အပြန်အလှန်ခွံ့ကျွေးခြင်းပြုတတ်သည်။ စားနေသူသည်လည်း ပြန်လည်ခွံ့ကျွေးသူဖြစ်လာသည်။ ထိုအခါ အချိန်ကုန်သက်သာသည်။ အပြန်အလှန်ခွံ့ကျွေးကြရာ၌ မိမိက အခြားသူကိုသာ ခွံ့ကျွေးရပြီး မိမိကိုယ်မိမိ ပြန်လည်ခွံ့ကျွေးခြင်းမျိုး မပြုလုပ်ရပေ။ (ကြက်သား၊ ဝက်သားဖြစ်ပါက ဦးလေးဘက်နှင့် တူဘက်ကား အပြန်အလှန် ခွံ့ကျွေး၍မရပေ။)

ထိုသို့ ခွံ့ကျွေးခြင်းသည် ပုံပြင်တစ်ခုထဲက ပရဟိတစိတ်ကို ဖော်ကျူးသလိုလည်းဖြစ်နေသည်။ ထိုပုံပြင်တွင် စားကောင်းသောက်ဖွယ်များကို အိုးဖြင့်ထည့်ကာ ချထားသော ထမင်းစားဝိုင်းတွင် လူများ ဝိုင်းထိုင်နေကြသည်။ ထိုလူများတွင် တံတောင်ဆစ်မပါသဖြင့် လက်ကိုကွေး၍မရပေ။ ထို့ကြောင့် အိုးထဲရှိ စားကောင်းသောက်ဖွယ်များကို ယူမစားနိုင်ကြပါ။ စားကောင်းသောက်ဖွယ်များ မြင်နေရပါလျက် မစားရသဖြင့် ငတ်မွတ်ဆင်းရဲနေကြကာ ထိုနေရာကို ပြိတ္တာဘုံဟု ခေါ်ပါသတဲ့ဟူသတည်း။

အခြား အခန်းတစ်ခုတွင်လည်း တံတောင်ဆစ်မပါသော လူများပင် နေကြပါ၏။ တစ်ဦးက အိုးထဲရှိစားကောင်းသောက်ဖွယ်များကို ဇွန်းဖြင့်ခပ်ကာ အခြားတစ်ဦးအား ခွံ့ကျွေးနေသည်။ မိမိကိုယ်မိမိ ကျွေး၍မရသော်လည်း အခြားသူကိုမူ ကျွေး၍ရသည်။ ဤနည်းဖြင့် အပြန်အလှန်ခွံ့ကျွေးကြ၍ ဝဝလင်လင် ပျော်ပျော်ရွှင်ရွှင် ဖြစ်ကြကာ ထိုနေရာကို နတ်ဘုံဟူ၍ ဆိုပါသတည်း။

ပြိတ္တာဘုံနှင့် နတ်ဘုံသည် အခြေအနေတူပေမယ့် နေသူတို့၏ စိတ်စေတနာ ဆောင်ရွက်ချက်မတူခြင်းသာဖြစ်သည်ဟု ပုံပြင်က ဆိုလိုရင်းဖြစ်သည်။

ထမင်းခွံ့ကျွေးခြင်းဓလေ့ကို အမွေခံထိန်းသိမ်းသင့်ပါသည်။ ထမင်းခွံ့ကျွေးရာတွင် ဖိတ်စဉ်လေလွင့်မှုမရှိစေရန်နှင့် ခွံ့ကျွေးသူတို့၏ လက်များကို သန့်ရှင်းစင်ကြယ်စေရန် သတိပြုသင့်ပါသည်။ ယခုအခါ ချိုချင်းအချို့သည် ခွံ့ကျွေးမှုကို အစအဆုံး မပြုလုပ်တော့ဘဲ ရိုးရာမပျက် သုံးကြိမ် သုံးခါသာ စတိသဘော ခွံ့ကျွေးကြပြီး ပန်းကန်များဖြင့် မိမိဘာသာစားသောက်ကြခြင်းများလည်း ရှိလာပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

# ခြောက်မည်ရ အမရပူရနှင့် ရှေးဟောင်းအမွေအနှစ်များ

**မောင်ဓာတု**

ဗဒုံမင်း(ဘိုးတော်ဘုရား)သည် ခရစ်နှစ် ၁၇၈၂ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်) ညဥ့် တစ်ချက်တီးကျော် ကောင်းမြတ်သော မင်္ဂလာအချိန်တွင် ထီးပေါင်းကားအရပ်၌ အမရပူရမြို့တည်ရန် ချုံနွယ်များရှင်းလင်းသည်။ ထိုစဉ်က မြို့တော်၏ လက်ယာဘက်တွင် တောင်သမန်အင်း၊ ဒုဋ္ဌဝတီမြစ်၊ လက်ဝဲဘက်တွင် ရွှေတချောင်းနှင့် တက်သေးအင်း၊ အရှေ့ဘက်တွင် အောင်ပင်လယ်ကန်၊ ကျဝန်းဆည်၊ ဇောင်းကလောင်းကန်၊ အနောက်ဘက်တွင် ဧရာဝတီမြစ်တို့ ဝန်းရံလျက်ရှိ၍ "အင်းအိုင်ဝိုက်လည်-အမရတည်"ဟု တဘောင်လင်္ကာပေါ်ထွန်းခဲ့ကြောင်း အမရပူရမြို့နယ်မှတ်တမ်း(၁၉၈၂) တွင် ပါရှိသည်။

ရှေးဟောင်းမြို့များတွင် အမည်တစ်မျိုးတည်းမဟုတ်ဘဲ နှစ်မျိုးမှ ငါးမျိုးအထိ ရှိကြသည်။ မန္တလေးဆိုလျှင် "ရတနာပုံ"၊ ရန်ကုန်ဆိုလျှင် "ဒဂုန်"၊ ရွှေဘိုမြို့ဆိုလျှင် "ငါးမည်ရ ပြည်ရွှေဘို" ဟု လူသိများကြသည်။ အလားတူဆိုရလျှင် အမရပူရမှာ အမည်ခြောက်မျိုးရှိသောမြို့ဟု ပြောနိုင်ကြောင်း အမရပူရမြို့မှ အသက်(၉၀) ကျော်အရွယ်ရှိ ဘဘဦးမြစိန်(စိန်မြို့လယ်)က ပြောသည်။

"လမ်းစဉ်ပါတီလက်ထက်က အမရပူရမှာ စာပေဟောပြောပွဲတစ်ခု လာရောက်ဟောပြောတဲ့ စာရေးဆရာတစ်ယောက်က စာဆိုတော်ကြီး ဦးနုအကြောင်းပြောရင်း ရွှေဘိုမြို့ကို ငါးမည်ရတယ်လို့ ပြောတယ်။ သူ့နာမည်မေ့နေတယ်။ ဒါနဲ့ ဘဘကလည်း လက်ဖက်ရည်ဝိုင်းမှာ ရွှေဘိုက ငါးမည်ပဲရတာ။ အမရပူရက ခြောက်မည်ရတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိ အပိုင်း(၁) ထဲမှာ အဲဒီအကြောင်းရေးထားတာ ကြည့်လိုက်ပါလို့ ပြောလိုက်တယ်"ဟု ၎င်းက ပြောပါသည်။



အမည်ခြောက်မျိုးမှာ (၁)အမရမြို့၊ (၂)အမတမြို့၊ (၃) သတ္တရွှေဝမြို့၊ (၄) ထီးပေါင်းခမြို့၊ (၅)အမရပူရမြို့ဖြစ်ပြီး အမရပူရမင်းနေပြည်မှ မန္တလေး(ရတနာပုံ) မြို့ ပေါ်ပေါက်လာသောအခါ မန္တလေး၏ တောင်ဘက်အရပ်၌ ရှိသောကြောင့် "တောင်မြို့"ဟု ခေါ်ဆိုခဲ့ကြသဖြင့် တောင်မြို့အမည် ထည့်သွင်းလျှင် ခြောက်မည်ရသည်ဟု သူ၏ ယူဆချက်ကို ပြောပြသည်။ အမရပူရမြို့တည်ရာအရပ်သည် တောင်သမန်အင်း၏ မြောက်ပိုင်းတွင်ရှိရာ ထီးပေါင်းကားအရပ် နယ်နိမိတ်အတွင်းဖြစ်သည်ဟုလည်း အမရပူရမြို့တည်သမိုင်းတွင် ဖော်ပြထားသည်။

"နောင်မချို့ရန်-တောင်မြို့လို့ ခေါ်ပြန်လို့ နန်းတော်ရှေ့ဆရာတင်က သူ့သီချင်းထဲမှာ ရေးခဲ့တယ်။ ဒီတော့ အမရပူရက ခြောက်မည်ရတာပေါ့လို့ စကားအနေနဲ့ပြောပြခဲ့တာ။ အမရပူရရဲ့ မြောက်ဘက်မှာရှိတဲ့ မန္တလေးကိုတော့ တောင်မြို့သားတွေက မန္တလေးကို မြောက်မြို့လို့ခေါ်ခဲ့ကြတယ်။ မန္တလေး (ရတနာပုံ)မြို့တည်ပြီး အမရပူရမှာနေတဲ့သူတွေကို ပြောင်းရွှေ့ဖို့ ကနောင်မင်းသားက တာဝန်ယူခဲ့တာ" ဟု ဆက်လက်ရှင်းပြသည်။

**ရှေးဟောင်းဘုရားများ ဖူးမြော်နိုင်**

အမရပူရမြို့တည်ခဲ့သည်မှာ နှစ်ပေါင်း ၂၄၀ ကျော်ခဲ့ပြီဖြစ်ကာ ယနေ့အထိ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများစွာ တွေ့မြင်ရပါမည်။ အထူးသဖြင့် ကမ္ဘာတွင် အရှည်လျားဆုံးဆိုသော ကျွန်းသစ်တံတား (တောင်သမန်-ဦးပိန်တံတား) ကြီးမှာ အထင်ကရရှိသည့်အပြင် ရွှေဂူကြီးဘုရား၊ ပုထိုးတော်ကြီးဘုရား၊ မဟာသကျရံသီဘုရား၊ ဆင်ကြိုရွှေကူဘုရား၊ ရွှေကွန်အုပ်ဘုရား၊ ရွှေစကားဘုရား၊ ရွှေလင်းပင်ဘုရား၊ သတ္တာသုခံရွှေရင်းရဲဘုရား၊ သံသေကပ်ကျော်ဘုရား၊ နဂါးရုံဘုရား၊ ရတနာဂူဘုရား၊ ဗောဓိသံတောင်ဘုရား၊ အောင်မြေရွှေဘုံဘုရား၊ လှိုင်းတက်ဘုရား၊ တောင်မင်းကြီးဘုရား စသည်ဖြင့် ရှေးဟောင်းဘုရားများ ဖူးမြော်နိုင်ပါသည်။

သမိုင်းဝင်တံတား ငါးစင်းရှိသည်ဟု အမရပူရမြို့နယ်မှတ်တမ်းတွင် ဖော်ပြထားပြီး ဦးပိန်တံတား၊ စကြာဝင်တံတား (ယနေ့တွင် တိုင်လုံး နှစ်လုံးနှင့် အုတ်လှေကားများသာကျန်ရှိ)၊ တောင်ကြီး-ဟသ်ာတံတား၊ မြစ်ငယ်တံတား၊ အင်းဝတံတားဟု ဆိုပါသည်။ သို့သော် သစ်သားတံတား ကိုးစင်းရှိကြောင်း ပြောဆိုမှုများရှိရာ အကြွင်းအကျန်တစ်ပိုင်းတစ်စများနှင့် တွေ့ရသကဲ့သို့ ကွန်ကရစ်/အုတ်တံတားအဖြစ် ပြောင်းလဲသွားသည်များလည်းရှိသည်။ နန်းတော်အဆောက်အအုံများထဲမှ နန်းမြင့်၊ ရွှေတိုက်၊ ဗဒုံမင်းအရိုးအိုးဂူ၊ မဲနယ်စက်ရုံအစိတ်အပိုင်းများအပြင်၊ ဗားကရာကျောင်းတိုက်၊ သပြေတန်းခံတပ် စသည့်ရှေးဟောင်းအဆောက်အအုံများစွာ ကျန်ရှိပါသည်။

ထို့ပြင် အမရပူရ၊ တောင်သမန်အင်း အနောက်ဘက်၌ ကျောက်ခေတ်သစ်က အသုံးအဆောင်များဖြစ်သော အရိုးရှည်မြေအိုးများ၊ အခြေမပါသော မြေခွက်များ၊ ကျောက်လက်နက်များအပါအဝင် လူ့အသုံးအဆောင်များ တွေ့ရှိခဲ့ရသည်။ စတင်တွေ့ရှိခဲ့သူမှာ ဦးပညာဇောတ (ကိုပညာ-အမရပူရ)ဖြစ်၍ ၎င်း၏ အကြံပြုချက်ဖြင့် ၁၉၇၁ ခုနှစ်နှင့် ၁၉၇၂ ခုနှစ်တို့တွင် ရှေးဟောင်းသုတေသနဌာနက တူးဖော်လေ့လာကာ စာတမ်းပြုစုခဲ့ကြသည်။ တောင်သမန်ဒေသတွင် တွေ့ရသော အရိုးလက်နက်၊ ကျောက်လက်နက်များနှင့်အတူ သံခားငယ်၊ သံချိတ်ကို တွေ့ရှိရာ ကျောက်ခေတ်သစ်၏ နောက်ပိုင်းကာလဟု ဆိုပါသည်။

မည်သို့ဆိုစေ၊ အမရပူရနှင့် တောင်သမန်ဒေသသည် သမိုင်းတန်ဖိုးကြီးမားသည်။ ရှေးမြန်မာမင်းများလက်ထက်မှစ၍ ခေတ်အဆက်ဆက်ကျန်ရစ်သော သမိုင်းဝင်အဆောက်အအုံများကို လေ့လာခြင်းဖြင့် တစ်ခေတ်တစ်ခါက ယဉ်ကျေးမှုအမွေအနှစ်များ၏ အနုပညာလက်ရာများကို မြင်တွေ့ကြရသည်ဖြစ်ရာ အစဉ်အရှည်တည်ရှိနိုင်ရေးအတွက် ထိန်းသိမ်းကြရမည်ဟု သမိုင်းမှတ်တမ်းပြုတင်ပြလိုက်ရပါသည်။ ။

**ကိုးကား။ ။ အမရပူရမြို့နယ်မှတ်တမ်း(၁၉၈၂)**

# တိုင်းရင်းသားရိုးရာစကားထာဥာဏ်စမ်းများ

**တက္ကသိုလ်သျှင်ရတနာ**

**မွန်တိုင်းရင်းသားစကားထာ**

ဟိုးရှေးရှေးအခါက ရာမညတိုင်းဒေသရှိ အလွန်သာယာအေးချမ်းသော ကျေးလက်ရွာတစ်ရွာတွင် ဗညားနှင့် လဂွမ်းအိမ်ဟု အမည်ရှိသော သူငယ်ချင်းနှစ်ယောက် နေထိုင်ကြလေသည်။

သူငယ်ချင်းနှစ်ယောက်သည် ရွာဦးကျောင်းဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစားအဖြစ် ဘုန်းကြီးကျောင်းတွင် နေထိုင်ပြီး ပညာသင်ကြားလျက်ရှိသည်။ ဆရာတော်ကြီးသည် သီလ၊ သမာဓိနှင့်ပြည့်စုံပြီး စာပေကျမ်းဂန်အရာတွင် နှံ့စပ်လှသည်ဟု ဂုဏ်သတင်းကျော်ကြားသည်။ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ယူနေကြသော ဘုန်းကြီးကျောင်းသားများစွာရှိသည့်အနက် ဗညားနှင့် လဂွမ်းအိမ်တို့သည် စာကြိုးစားသူ၊ စည်းကမ်းလိုက်နာသူ၊ လိမ္မာယဉ်ကျေးသူများ ဖြစ်ကြသည်။

ဆရာတော်ဘုရား၏ သွန်သင်ညွှန်ပြပေးသော လောကီ၊ လောကုတ္တရာစာပေများကို အစဉ်တစိုက်ကြိုးစားသင်ယူ၊ လေ့လာကျက်မှတ်သူများလည်း ဖြစ်သည်။

ဆရာတော်ကြီးသည် မွန်အမျိုးသားဆရာတော်ကြီးတစ်ပါးဖြစ်သည့်အပြင် မွန်စာပေ၊ မွန်သမိုင်းကြောင်း၊ မွန်ယဉ်ကျေးမှု၊ ဓလေ့ရိုးရာများ၊ မွန်တိုင်းရင်းသားရိုးရာ ပုံဝတ္ထုများ၊ ကဗျာလင်္ကာ၊ စကားထာမျိုးစုံ၊ မွန်တိုင်းရင်းသားစကားပုံနှင့် မွန်တိုင်းရင်းသားရိုးရာ စကားထာဥာဏ်စမ်းတို့ကို သင်ကြားပြသရာတွင် ရာမညတိုင်းဒေသအတွင်း၌ အလွန်ထင်ရှားသည်။

ဗညားနှင့် လဂွမ်းအိမ်တို့သည် အားလပ်သည့်အချိန်များတွင် အချိန်ဖြုန်းဆော့ကစားမှုမပြုကြဘဲ အကျိုးရှိသော ကစားနည်းမျိုးဖြင့်သာ အချိန်ကို ကုန်ဆုံးစေတတ်သူများဖြစ်သည်။

"ဗညားရေ၊ စကားထာဥာဏ်စမ်း မေးရင်း၊ ဖြေရင်းကစားကြရအောင်ကွာ"

"သိပ်ကောင်းတဲ့အကြံပဲ။ ကောင်းတယ်လေ မေးကြ၊ ဖြေကြတာပေါ့"

ဗညားနှင့် လဂွမ်းအိမ်တို့သည် ဘုန်းကြီးကျောင်း၏တောင်ဘက် မန်ကျည်းပင်ကြီးအောက်ရှိ မြက်ခင်းစိမ်းစိမ်းများပေါ်တွင် လဲလျောင်းကာ အနားယူနေကြရင်း အပြန်အလှန် ပြောဆိုနေကြခြင်းဖြစ်သည်။

"ဒါဆိုမေးပြီကွာ။ ခွဲလိုက်ရင် သွေးထွက်တယ်။ နမ်းမိရင်တော့ မွှေးတယ်။ စားလိုက်ရင်လည်း ချိုတယ် ဆိုပါတော့ကွာ။ အဲဒါ ဘာအသီးလဲ။ ဖြေကြည့်ပါဦး"

လဂွမ်းအိမ်က ဗညားကို မေးလိုက်ရာ ဗညားတစ်ယောက် ခေါင်းကုတ်စဉ်းစားရတော့သည်။

"ဟင်- အဖြေက ဘာများပါလိမ့်၊ ဟင်းဟင်း . . . သြော်- ဟုတ်ပြီ အဖြေရပြီကွာ။ သိပ်ပြီး မစဉ်းစားလိုက်ရပါလား လဂွမ်းအိမ်ရေ။ သူငယ်ချင်းမေးတဲ့ မေးခွန်းရဲ့အဖြေက 'ပိန္နဲသီး' လို့ဖြေလိုက်ရင် မှန်ရောမလား"

"မှန်လိုက်တာကွာ မှန်ပွဲ။ ကဲ ဒါဆိုရင်တော့ ငါမေးရမယ့်အလှည့်ရောက်ပြီပေါ့။ မေးမယ်နော်၊ မေးခွန်းက ပွဲထဲကိုဝင်လာတဲ့ငါးက ဘာငါးလဲကွာ"

ဗညားရဲ့မေးခွန်းကို ကြားလိုက်ရသည့် လဂွမ်းအိမ်တစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ "ဟေ... တယ်ဟုတ်နေပါလား၊ ပွဲခင်းထဲကို ငါးဝင်လာတာလား၊ ပွဲခင်းထဲကို ငါးက ဘယ်လိုများ ဝင်လာရတာလဲကွာ။ နားမရှင်းဘူး သူငယ်ချင်းရာ.. ပြန်ပြောကြည့်ပါဦးလား"

"လဂွမ်းအိမ်ရာ မင်းကလည်း ပွဲထဲကို ဝင်လာတဲ့ငါးပါဆို၊ အဲဒါ ဘာငါးလဲလို့မေးလိုက်တာ။ ရှင်းပါတယ်ကွာ"

"ဗညားရာ မင်းရဲ့မေးခွန်းကို သေချာဆန်းစစ်ကြည့်လိုက်တော့မှ အဖြေကို စဉ်းစားလို့ရတော့တယ်။ သိပြီ၊သိပြီ ပွဲထဲကိုဝင်လာတဲ့ငါးက ဘာငါးလဲဆိုတော့ 'ငါးပလွေပေါ့' ဟုတ်တယ်ဟုတ်"

ဗညားက မှန်ကန်ကြောင်း ခေါင်းတဆတ်ဆတ် ညိတ်ပြီးလက်ခံကာ ပဟေဠိမေးခွန်း ဆက်မေးပြန်သည်။ "ခြေလေးချောင်းရှိပေမယ့် ခါချဉ်မဟုတ်၊ နှာခေါင်းရှိပေမယ့် ဆင်လည်းမဟုတ်၊ မစင်ကိုတူးပေမယ့် ဝက်လည်းမဟုတ်ဘူးတဲ့၊ အဲဒါ ဘာကောင်ဖြစ်မလဲ။ ငါ့ရဲ့ဒုတိယမေးခွန်းကိုဖြေပါဦး လဂွမ်းအိမ်ရာ"

"မင်းမေးတာကလည်း ဆက်တိုက်ပါလားကွာ။ မေးတော့လည်းဖြေရတာပ။ မနည်းမနောကို စဉ်းစားရတော့မှာပေါ့လေ"

"ဟားဟားဟား ငါမရယ်ချင်ဘူးနော်။ မဖြေနိုင်ရင်တော့ ပန်းပေးပေါ့ကွာ။ အဖြေကရှိပြီးသားပါ"ဗညားက လဂွမ်းအိမ်ကို မခံချင်အောင် ခပ်ထေ့ထေ့လေး ပြောလိုက်ပြီး ခေါင်းတဆတ်ဆတ်လှုပ်နေတော့၏။

"အမေးရှိရင် အဖြေရှိရမှာပေါ့ကွာ၊ မေးခွန်းက ခြေလေးချောင်းရှိပေမယ့် ခါချဉ်မဟုတ်ဘူး၊ နှာခေါင်းရှိပေမယ့် ဆင်လည်းမဟုတ်ပြန်ဘူးတဲ့။ မစင်ကိုတူးပေမယ့် ဝက်လည်းမဟုတ်ဘူးဆိုတော့ကာ...ဗျူး.. လွယ်တော့ မလွယ်ဘူးပေါ့။ မေးခွန်းသတ်တယ်လို့ ဆိုရမလိုပါပဲ၊ ဒါပေမဲ့ ကြိုးစားရတော့မပေါ့"

လဂွမ်းအိမ်တစ်ယောက် ထိုင်လိုက် ထလိုက် ဖြစ်နေရသည်။ ပြီးတော့ မန်ကျည်းပင်ကြီးကို မော့ကြည့်လိုက်ပြန်သည်။ နောက်တော့ လမ်းထလျှောက်ပြန်သည်။ ဘယ်ဘက်ကိုလျှောက်လိုက် ညာဘက်ကိုလျှောက်လိုက်ဖြင့် အတန်ကြာအောင်လျှောက်ပြီး တစ်နေရာကို ငေးနေရာမှ တစ်ချက်ပြုံးလိုက်တော့သည်။

"အဖြေရပြီလား သူငယ်ချင်းရေ၊ အချိန်စေ့တော့ မယ်နော်. ဟင်းဟင်း"

"အဖြေက ရပါပြီကွာ၊ ခုပဲဖြေတော့မလို့။ မင်းမေးလိုက်တဲ့ ဉာဏ်စမ်းမေးခွန်းက မွန်တိုင်းရင်းသားရိုးရာစကားထာဥာဏ်စမ်းထဲကပါ၊ အဖြေကတော့ 'ကျွဲချေးပိုး'ပါတဲ့ဗျာ။ မှန်ကန်တဲ့အဖြေ ဟုတ်ပါတယ်နော်"

ဒီတစ်ကြိမ် ပါးစပ်အဟောင်းသားဖြစ်သွားရသည်က မေးခွန်းရှင် ဗညားတစ်ယောက်ပင်။ အဖြေကား မှန်ကန်လှပေစွ။ အဖြေရော မူရင်းစကားထာအရင်းအမြစ်ကိုပါ ပိုင်နိုင်စွာ ဖြေဆိုလိုက်နိုင်ခြင်းကြောင့်ဖြစ်သည်။ ထိုအချိန်တွင် ဘုန်းတော်ကြီးကျောင်းမှ နာရီသံချောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာလေရာ ဗညားနှင့် လဂွမ်းအိမ်တို့နှစ်ဦးသား ဘုန်းတော်ကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြလေတော့သည်။ ။

## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား အမျိုးသား ၇၁ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၇၉ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၁၀၁၀၁ ဦး၊ အမျိုးသမီး ၁၂၃၈ ဦး စုစုပေါင်း ၁၁၃၃၉ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် " နိုင်ငံတော်ရဲ့ပိုင်နက်နယ်မြေများနဲ့ အမျိုးဘာသာသာသနာတော်ကို စောင့်ရှောက်နေတဲ့တပ်မတော်သားများ ဘေးအပေါင်းရန်အပေါင်းကို နှိမ်နင်းအောင်မြင်ကြပါစေ၊ တိုင်းပြည်ရန်စွယ်ဟူသမျှကို အမြစ်ပါမကျန် ခြေမှုန်းနိုင်ကြပါစေ " စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။



သတင်းစဉ်

## ဆေးပင်စင်ယူထားသည့် တပ်မတော်သား ၅၀ ဦးထက်မနည်းကို တိုက်ပွဲ ဖြစ်ပွားရာ ဒေသများသို့စေလွှတ်ရန် တပ်မှပြန်လည်ခေါ်ဆောင်ဟု တရားမဝင်ပြည်ဖျက်မီဒီယာ Ayeyarwaddy Times မှ ကောလာဟလ သတင်းအမှားများ ရေးသားဖြန့်ဝေ




နေပြည်တော် ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အနီး ကျေးရွာများတွင် ဆေးပင်စင် ယူထားသည့် တပ်မတော်မှ အငြိမ်းစား ၅၀ ထက်မနည်းကို လက်ရှိတိုက်ပွဲ ဖြစ်ပွားရာဒေသများသို့ စေလွှတ်ရန် ဒီဇင်ဘာလ ၄ ရက်နေ့က ပမ္မဝတီရေတပ်မှ စစ်ကားများဖြင့် ခေါ်ဆောင်သွားကြောင်း မျက်မြင်တွေ့ရှိရသည့် ကျေးရွာဒေသခံများထံက သိရကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများမှ လူမှုကွန်ရက်စာမျက်နှာများတွင် လုပ်ကြံသတင်းတု၊ သတင်းအမှားများ ဖြန့်ဝေရေးသားလျက်ရှိပြီး အဆိုပါကျေးရွာများသို့မည်သည့်တပ်မတော်သုံးမော်တော်ယာဉ်များ လာရောက်ခဲ့ခြင်းနှင့် ခေါ်ဆောင်သွားခြင်း လုံးဝမရှိကြောင်းနှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ လိမ်လည်ရေးသားဖြန့်ဝေခြင်းသာ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်တွင်းစက်သုံးဆီဖူလုံမှုအခြေအနေအရ စက်သုံးဆီများအား ပုံမှန်သုံးစွဲမှုပမာဏအတိုင်း ဝယ်ယူနိုင်၊ ကောလာဟလသတင်းများကြောင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူရန် မလိုအပ်

နေပြည်တော် ဒီဇင်ဘာ ၇

သီလဝါဆိပ်ကမ်းဒေသကြီးရှိ Terminal များအပါအဝင် သာကေတနှင့် လှိုင်သာယာမြို့နယ်ရှိ Terminal များမှ စက်သုံးဆီများအား ဆီသယ်ယာဉ်များဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ နေ့ညမရွေး အဆက်မပြတ် သယ်ယူပို့ဆောင်ဖြန့်ဖြူးလျက်ရှိသည်။

၆-၁၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ ဆီသယ်ယာဉ် Bowser ၁၈၀၀ စီးကျော်ဖြင့် 92 Ron ဂါလန် ၉၈၀၀၀၀ကျော်၊ 95 Ron ဂါလန်၂၄၀၀၀၀ ကျော်၊ ဒီဇယ်ဆီဂါလန် ၆၇၀၀၀၀၊ ပရီမီယမ်ဒီဇယ်ဆီဂါလန် ၈၁၀၀၀၀ ကျော်အားပို့ဆောင်ဖြန့်ဖြူးနိုင်ခဲ့ပြီး ၇-၁၂-၂၀၂၃ ရက်နေ့တွင်လည်း အဆိုပါ Terminal များမှ စက်သုံးဆီများအား ဆီတင်ယာဉ်များဖြင့် အဆက်မပြတ် ဖြည့်တင်းပို့ဆောင်ပေးလျက်ရှိသည်။

ယခင်ဖြန့်ဖြူးပေးနေမှုထက် 92 Ron ဂါလန် ၂၂၀၀၀၀ ကျော် ၊ 95 Ron ဂါလန် ၁၁၀၀၀၀၊ ဒီဇယ်ဆီ ဂါလန် ၁၂၀၀၀၀ ကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၂၃၀၀၀၀ ကျော် ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း အများပြည်သူများအနေဖြင့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ပြီး ယခင်ထက်ပိုမိုများပြားစွာ ဝယ်ယူနေကြသဖြင့် ဖြည့်တင်းပေးနိုင်မှုစွမ်းအားထက်ကျော်လွန်သည့် စက်သုံးဆီ အရောင်းဆိုင်အချို့ရှိ စက်သုံးဆီအမျိုးအစားအချို့မှာ ဆီသယ်ယာဉ်မရောက်ရှိမီကာလအတွင်း ခေတ္တအရောင်းရပ်ဆိုင်းထားရသော်လည်း ပြည်တွင်း စက်သုံးဆီလက်ကျန် အခြေအနေအရလည်းကောင်း၊ ဆီတင်သင်္ဘောများ ပြည်ပမှရောက်ရှိဆိုက်ကပ်ထားမှုအခြေအနေအရလည်းကောင်း၊ Terminal များ၏ ဖြန့်ဖြူးပေးနိုင်မှုစွမ်းအားအရလည်းကောင်း စက်သုံးဆီပြတ်လပ်မှုမရှိနိုင်ပါကြောင်းနှင့် အများပြည်သူအနေဖြင့် စိုးရိမ်ကြောင့်ကြကင်းစွာဖြင့် ပုံမှန်သုံးစွဲမှုပမာဏအတိုင်း စဉ်ဆက်မပြတ် စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်ပြီး မိမိတို့လိုအပ်သည်ထက် ပိုမိုဝယ်ယူရန်မလိုအပ်ပါကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Aoak Kyaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ အောင်ကျော်အား နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ "Nilar Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် အမ်းမြို့နယ် ဈေးတောင်ရပ်ကွက်နေ တင်နီလာအောင်(ခ) မီးငယ်အား မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိမိတို့ရဲ့ဘဝ၊ ဓလေ့၊ ယဉ်ကျေးမှုတွေကို စာရေးခြင်းမှ ဖော်ထုတ်သိမြင်ကြရတာဖြစ်လို့ ရသ၊ သုတ စာရေးဆရာ မျိုးဆက်သစ်လူငယ်တွေပေါ်ပေါက်ဖို့ အထူးလိုအပ်ပါတယ်

ဘုန်းမြင့်ချို (သာယာဝတီ)

တွေ့ဆုံမေးမြန်း - လင်းရာမ
ဓာတ်ပုံ - ကိုထက်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**ဘာသာရပ် - ကဗျာ**
**စာရေးသူ- ဘုန်းမြင့်ချို(သာယာဝတီ)**
**ဆုအမျိုးအစား- ပထမ**

"ဆုရစာမူဖြစ်လာဖို့ ၂၀၁၄ ခုနှစ်ကစပြီး ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးတွေကို အစဉ်တစိုက်ရေးသားပြီး စာမူတွေပြိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဆုမရရှိခဲ့ပါဘူး။ အဲဒါနဲ့ ၂၀၁၄ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်အတွင်း ရှစ်နှစ်စာ ရေးသားပြိုင်ပွဲဝင်ခဲ့တဲ့ ကဗျာတွေထဲက ရွေးထုတ်ပြီး ကဗျာပေါင်းချုပ်စာမူကို ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာကနေ အခုလို ဆုရရှိခဲ့တာဖြစ်ပါတယ်။ ဆုရစာမူကတော့ ပြည်သူ့နီတိ၊ လောကနီတိနဲ့ သက်ဆိုင်တဲ့ ရသ၊ သုတတွေပါဝင်ပြီး လူမှုဝန်းကျင်၊ ဘဝအတွေ့အကြုံတွေနဲ့ပေါင်းစပ်ပြီး တင်ပြထားတဲ့ 'ပိုးကိုက်ရာကင်းပန်းတခင်း'ကဗျာတွေ ဖြစ်ပါတယ်။

၁၉၈၅ ခုနှစ် မတိုင်မီကတည်းက စန္ဒာမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်းတွေမှာ စတင်ရေးသားရာကနေ စာပေနယ်ကို စတင်ဝင်ရောက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်ကစတင်ပြီး ရယ်စရာ၊ ပြုံးစရာ၊ စုံထောက်၊ နိုင်ငံ့ ဂုဏ်ရည်၊ ပြစ်မှု၊ ရောင်ပြန်၊ Youth၊ ငွေတာရီ၊ တပ်မတော်နှစ်ပတ်လည် စတဲ့ မဂ္ဂဇင်းတွေ၊ သာသနာ့ အလင်း၊ ဓမ္မရံသီ၊ ဓမ္မရတနာ၊ မြဝတီသတင်းစာ၊ ဒို့ကျေးရွာ ဂျာနယ်တွေမှာ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာတွေ ရေးသားခဲ့ပါတယ်။ စာပေဆုရရှိမှုကတော့ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများတိုက်ဖျက်ရေး စာပေပြိုင်ပွဲတွေမှာ အထူးဆု၊ ဒို့ကျေးရွာဝတ္ထုတိုပြိုင်ပွဲမှာ အထူးဆု၊ မြဝတီသတင်းစာ(၅)နှစ်မြောက်နေ့မှာ တစ်နှစ်ပတ်လုံး ကဗျာအများဆုံးပါရှိမှု အထူးဆု၊ တပ်မတော်(၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် စာပေပြိုင်ပွဲမှာ ဝါသနာရှင်အဆင့်(ကဗျာရှည် ပထမဆု)ရရှိခဲ့ပါတယ်။ အခုလို စာပေဗိမာန်ကဗျာပေါင်းချုပ် ပထမဆု ရရှိခဲ့တာက နှစ်ပေါင်းများစွာ မျှော်လင့်ကြိုးစားခဲ့ရတဲ့ ရလဒ်ဖြစ်လို့ တန်ဖိုးကြီးမားတဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်။



စာရေးဆရာ
ဘုန်းမြင့်ချို (သာယာဝတီ)



စာရေးဆရာမ
ယဉ်ယဉ်မွန် (ရွှေဟောင်းသုတေသန)

ဒီနေ့ခေတ်မှာ အင်တာနက်စာမျက်နှာတွေမှာ စာအုပ်တွေ၊ သိရှိလိုတဲ့ အကြောင်းအရာတွေကို တစ်ထိုင်တည်း ရှာဖွေဖတ်ရှုနိုင်လို့ ကမ္ဘာတစ်ဝန်း လွယ်ကူစွာ လေ့လာသိရှိခွင့်ရနေကြပါတယ်။ ဒါကြောင့် ယနေ့ခေတ်လူငယ်တွေအနေနဲ့ စာပေတွေကို အလွယ်တကူ ရှာဖွေဖတ်ရှုခွင့်ရကြသလို စာရေးခွင့်ကိုလည်း ရရှိနေကြပါတယ်။ မိမိတို့ရဲ့ဘဝ၊ ဓလေ့၊ ယဉ်ကျေးမှုတွေကို စာရေးခြင်းမှ ဖော်ထုတ်သိမြင်ကြရတာဖြစ်လို့ ရသ၊ သုတ စာရေးဆရာမျိုးဆက်သစ် လူငယ်တွေပေါ်ပေါက်ဖို့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ လူငယ်တွေအနေနဲ့ စာရေးခြင်း အတတ်ပညာနဲ့ စာရေးဆရာမျိုးဆက်သစ်တွေ ဖြစ်အောင် ကိုယ်တိုင်အားထုတ်ကြပါလို့ အကြံပြုလိုပါတယ်"ဟု ပြောကြားသည်။

စာရေးဆရာ ဘုန်းမြင့်ချို(သာယာဝတီ) သည် ယခုအခါ သာယာဝတီမြို့တွင် နေထိုင်လျက်ရှိပြီး မြို့နယ်အတွင်း ဘာသာရေး၊ သာသနာရေး၊ စာပေလုပ်ငန်းများတွင် ဒိုင်အဖွဲ့၊စာစစ်အဖွဲ့၊ တည်းဖြတ်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကာ ဘုန်းမြင့်ချို(သာယာဝတီ)၊ မာဃတ(၃၀) ကလောင်အမည်များဖြင့် စာပေများ ရေးသားလျက်ရှိပြီး အမည်ရင်းမှာ ဦးဘုန်းမြင့် (ခ) မြင့်ချို ဖြစ်သည်။

**ဘာသာရပ် - သုတ(ဝိဇ္ဇာ)**
**စာရေးသူ- ယဉ်ယဉ်မွန်(ရွှေဟောင်းသုတေသန)**
**ဆုအမျိုးအစား- ပထမ**

"မြန်မာ့သမိုင်းမှာ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်ဆိုပြီး ခေတ်အဆက်ဆက် ထွန်းကားခဲ့ရာမှာ တောင်ငူခေတ်ကလည်း အင်းဝ ခေတ်နဲ့ အပြိုင် ထွန်းကားခဲ့ပါတယ်။ တောင်ငူခေတ်ကို သိရှိဖို့နဲ့ မှန်ကန်တဲ့သမိုင်းကြောင်း အထောက်အထားတွေရရှိဖို့အတွက် ရှေးဆရာကြီးတွေနဲ့ ပညာရှင်တွေ ရေးသားထားတဲ့ စာအုပ်အမြောက်အမြားကို စုဆောင်းလေ့လာဖတ်ရှုပြီး 'မြို့တည် နန်းတည် ကေတုမတီ(တောင်ငူ)' စာမူကို ရေးသားခဲ့တာဖြစ်ပါတယ်။ ဒီစာမူမှာ အခန်းကိုးခန်းနဲ့ ရေးသားထားပြီး တောင်ငူအဆင့်ဆင့်ပြောင်းလဲလာပုံ၊ တောင်ငူမင်းဆက်များ၊ မြို့တည်ဖွဲ့ပုံ၊ မင်းအဆက်ဆက်တည်ခဲ့သော စေတီပုထိုးများ၊ ဘာသာရေးနှင့် ဓလေ့ထုံးစံ၊ တောင်ငူခေတ်တွင် ထင်ရှားခဲ့သည့် စာဆိုတော်များ၊ တောင်ငူဒေသတွင် နယ်ချဲ့အင်္ဂလိပ်တို့၏ လုပ်ရပ်များနှင့် ကွင်းဆင်းတူးဖော်အထောက်အထားများ စသဖြင့် အများသူငါ ဗဟုသုတရစေဖို့ ရည်ရွယ်ပြီး စုံလင်အောင် ရေးသားတင်ပြထားပါတယ်။

ရှေးဟောင်းသုတေသနမှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က ပဲခူး၊ ပြည်၊ ပုဂံတို့မှာရှိတဲ့ နန်းတော်ရာတွေ၊ ပဲခူး၊ ပုဂံပြတိုက်တွေမှာ တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ တူးဖော်သုတေသနလုပ်ငန်းတွေကိုလည်း လုပ်ကိုင်ရင်း ဒီနန်းတော်နဲ့ သမိုင်းကြောင်းအထောက်အထားတွေကို မိမိလေ့လာသိရှိထားသမျှလေးနဲ့ အများသူငါကို ဗဟုသုတဖြန့်ဝေလိုစိတ်နဲ့ စာတွေ စတင်ရေးသားခဲ့တာ ဖြစ်ပါတယ်။ သုတပဒေသာ (ဝိဇ္ဇာ)စာပေကိုပဲ ရေးသားခဲ့တာပါ။ စာအုပ်ထွက်ရှိမှုအနေနဲ့ စာပေဗိမာန်က သုံးအုပ်နဲ့ ဌာနကတစ်အုပ် စုစုပေါင်း လေးအုပ်ထွက်ရှိခဲ့ပါတယ်။

ကျွန်မတို့ လေ့လာရေးသားတင်ပြထားတဲ့ စာမူတွေကို အသိအမှတ်ပြုပြီး အခုလိုဆုချီးမြှင့်ပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ဆက်လက်ပြီးတော့လည်း သုတေသနစာပေတွေကို လေ့လာစုဆောင်းပြီး ကွင်းဆင်းရေးသားသွားမှာပါ။

စာပေလောကမှာ အသိပညာပေး စာပေတွေ၊ အကျိုးပြုစာပေတွေ များများ ရေးနိုင်ကြပါစေ။ လူတိုင်း စာပေကို ချစ်မြတ်နိုးပြီး စာများများဖတ်စေချင်ပါတယ်။ စာပေတွေထဲက အတုယူစရာကို အတုယူ၊ သင်ခန်းစာယူစရာရှိတာကို ယူပြီး ကောင်းမွန်တဲ့အနာဂတ်ခရီးကို ဖန်တီးနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်"ဟု ပြောကြားသည်။

စာရေးဆရာမ ယဉ်ယဉ်မွန် (ရွှေဟောင်းသုတေသန)သည် ရွှေဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)တွင် ကထိကရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် အငြိမ်းစားယူခဲ့ကာ လက်ရှိတွင် ပဲခူးမြို့၌ နေထိုင်လျက်ရှိသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၆၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၂၀ | ၂၅၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၀၅ | ၂၅၁၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၈၅ | ၂၉၅၀ |
| 95 Ron | ၂၅၇၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၂၀ | ၂၆၄၅ | ၂၆၃၀ | ၂၆၀၅ | ၂၇၀၅ | ၂၇၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၅ | ၂၈၉၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၂၇၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၆၀ | ၂၅၉၀ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၄၈ | ၂၄၂၈ |
| 95 Ron | ၂၄၅၄ | ၂၅၃၆ |
| HSD (500 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (50 ppm) | ၂၁၅၇ | ၂၂၃၀ |
| HSD (10 ppm) | ၂၁၆၀ | ၂၂၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❍ MNL မှ

တတိယနေရာအတွက် အဆုံးအဖြတ်ပွဲတွင် ဟံသာဝတီအသင်းက ဂိုးပြတ်အနိုင်ယူပြီး လက်ကျန်တစ်ပွဲအလိုတွင် တတိယနေရာရရန် သေချာခဲ့သည်။ ဒဂုံစတားအသင်းသည် ယခုပွဲ အရှုံးကြောင့် အဆင့် ၄ နေရာမှ ဖယ်ပေးခဲ့ရပြီး ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်နေသည်။

နှစ်သင်းစလုံး အမာခံ ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ဟံသာဝတီအသင်းအတွက် ၁၆ မိနစ်တွင် တိုက်စစ်မှူး ဇင်မင်းထွန်းက အဝေးကန်ချက်ဖြင့် ဦးဆောင် ဂိုးသွင်းယူခဲ့ပြီး ၈၆ မိနစ်တွင် အာကာနှင့် ၈၉ မိနစ်တွင် ဇင်မင်းထွန်းတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီတိုက်စစ်မှူး ဇင်မင်းထွန်းက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ဟံသာဝတီအသင်းက ၃၇ မှတ်၊ ဒဂုံစတားအသင်းက ၂၈ မှတ် ရရှိထားသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ရလဒ်ဆက်တိုက်ဆိုးရွားနေသည့် အား/ကာသိပ္ပံအသင်းသည် နိုင်ပွဲပြန်ရယူကာ အဆင့် ၄ နေရာ ပြန်ယူနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၁၀ မိနစ်တွင် ကြည်စိုး၊ ၅၅ မိနစ်တွင် နိုင်နိုင်ကျော်၊ မိနစ် ၇၀ တွင် သူရိန်ထွန်း၊ ၈၇ မိနစ်တွင် ဝင်းပြည့်မောင်တို့က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်းတိုက်စစ်မှူး ကြည်စိုးက ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၉ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၂၆ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၆) ဒုတိယနေ့ကို ဒီဇင်ဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဧရာဝတီအသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ မြဝတီအသင်းနှင့် GFA အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၉-၁၁-၂၀၁၂ ရက်မှအဆက်

"ကိုအေးဆွေကတော့ လုပ်ပြီ။ လူတွေကို ထန်းပင်တွေနဲ့နှိုင်း၊ ထန်းခိုင်တွေကို အချစ်နဲ့ ပမာပြုနဲ့ ကိုယ့်အဘိဓမ္မာနဲ့ကိုယ် ကောက်ချက်ချ အဖြေထုတ်နေတော့တာပဲ။ ကဲ ဆက်ပြီး အဓိပ္ပာယ်ဖွင့်တော်မူစမ်းပါဦးတဲ့ရှင်"

ခင်သန်းဌေးက ရယ်ရယ်မောမောဖြင့် ငေါ့ပစ်လိုက်သည်။

"မဟုတ်ဘူးလား၊ ကျွန်တော်ပြောတာ"

"ဘယ်ဟုတ်မလဲ ကိုအေးဆွေ၊ တကယ်တော့ ဘဝသစ်တစ်ခုကို ဖန်တီးရတယ်ဆိုတာ မလွယ်ပါဘူး။ သူတို့လို ငယ်ရွယ်သူလေးတွေအဖို့ ပိုမလွယ်တာပေါ့။ ကိုအေးဆွေပြောသလို သစ်ပင်တွေဟာ အချိန်တန်အရွယ်ရောက်လို့ သူ့အခါရာသီရောက်ရင် သီးတယ် ပွင့်တယ်ဆိုတာ ဌေး လက်ခံပါတယ်။ ဒါပေမဲ့ သဘာဝရဲ့တားဆီးမှု၊ နှောင့်ယှက်မှုအန္တရာယ်နဲ့တွေ့ကြုံလာရင် အချိန်အခါမရောက်မီ သေကျေပျက်စီးရတယ်။ တချို့ သီးပွင့်ပြီးမှ ပျက်စီးဆုံးရှုံးသွားရတယ်ဆိုတာကိုတော့ ကိုအေးဆွေလက်ခံရဲ့လား"

ဒါကို ကျွန်တော်လက်ခံပါတယ်။ ဒါပေမဲ့ သဘာဝတရားကို လူကပြုပြင်ပေးရင်ကော မဖြစ်နိုင်ဘူးလား။ ပမာဆိုကြပါစို့။ သစ်ပင်လေးတစ်ပင် သန်စွမ်းကြီးထွား သီးပွင့်လာဖို့ ရေ၊ မြေ၊ လေ၊ နေရောင်ပေါ်မှာမူတည်တယ်။ ရေရအောင် ဖန်တီးပေးမယ်။ မြေဩဇာကောင်းမွန်လာအောင် ပြုပြင်ပေးမယ်။ လေရအောင်လုပ်ပေးမယ်။ လောင်းရိပ်အောက်မှကင်းပြီး အလင်းရောင် နေရောင်ရအောင် ခုတ်ထွင်ရှင်းလင်းပေးမယ်ဆိုရင် ဒီသစ်ပင်လေးဟာ လွတ်လပ်စွာ သန်စွမ်းကြီးထွားလာပြီး လူ့လောကကို အကျိုးမပြုနိုင်ပေဘူးလား။

"အဲဒီလိုပဲ မောင်ထွန်းမြင့်တို့ရဲ့ ဘဝသစ်ထူထောင်ရေးကိုလည်း ငယ်ပါသေးတယ်လို့ ရှုတ်ချပြစ်တင်နေမယ့်အစား နှစ်ဖက်မိဘနဲ့ ပတ်ဝန်းကျင်က ဝိုင်းဝန်းကူညီပြီး ဖန်တီးပေးမယ်ဆိုရင် သူတို့လေးတွေဟာ ဘဝကို ဘာလို့ရင်မဆိုင်ရဲဘဲ နေရမှာလဲဟင်"

ကိုအေးဆွေက သူ့အဘိဓမ္မာကို ဖွင့်ပြလိုက်သည်။

"ဒါက ကိုအေးဆွေရဲ့ အယူအဆကိုး။ ဌေးကြားတာကတော့ ကလေးမလေးရဲ့ မိဘဘက်က ကျောင်းနေတုန်းအရွယ်လေးမို့ ခါးခါးသီးသီး ငြင်းဆိုနေတယ်ဆို"

"ဟုတ်ပါတယ်၊ သမီးလေးတစ်ယောက်တည်း ဆိုတော့လည်း နောင်ရေး စိတ်ချရအောင်ဆိုပြီး ကလေးမလေးကို ဆယ်တန်းလောက် အောင်အောင်သင်စေပြီး ကျောင်းဆရာမအလုပ်ခိုင်းဖို့ သူ့မိဘများမှာ ရည်ရွယ်ချက်ရှိသတဲ့။ ကောင်မလေးက ခုနစ်တန်းစာမေးပွဲဖြေဆိုမယ့် တန်းလန်းကြီးမှာ ခုလိုလင်နောက်လိုက်ပြေးတော့ မိဘတွေမှာ ရင်ကျိုးတာပေါ့"

"ဟုတ်တာပေါ့။ ဌေး မပြောလား။ ဌေး တို့လို စာသင်ပေးတဲ့ ဆရာသမားအနေနဲ့တောင် သူ့အတွက် ရင်ထုမနာဖြစ်ရသေးရင် မိဘဆိုတာကတော့ ဘယ်ပြောစရာရှိတော့မှာလဲဟင်"

ခင်သန်းဌေးသည် သူ့တပည့်မအား ပညာသင်တုန်းအရွယ် အသက်ငယ်ငယ်လေးဖြင့် အိမ်ထောင်ပြုသွားရမို့လားဟု ကရုဏာဒေါသောစိတ်ဖြင့် မြင်နေချိန်တွင် အသက်ငယ်ငယ် အိမ်ထောင်ပြုရေးကို အားပေးနေသော ကိုအေးဆွေ၏အယူအဆများကို လက်မခံနိုင်ပေ။

"ဟုတ်ပါတယ်လေ။ ဒါကြောင့်မို့လို့လည်း ဒီလိုသမီးအတွက် မျှော်လင့်ချက်တွေဆုံးပြီး ယူကျုံးမရဖြစ်သွားရှာကြတဲ့ ကလေးမလေးရဲ့ မိဘတွေဆီကို ကျွန်တော်ပဲ သွားပြီးရှင်းပြရတာပေါ့။ အိမ်ထောင်ကျသွားပေမဲ့ ပညာရေးမှာ မထိခိုက်နိုင်ဘူးဆိုတဲ့အကြောင်း၊ ရန်ကုန်မြို့လို မြို့ကြီးတွေမှာဆိုရင် အချို့အမျိုးသမီးတွေဟာ အိမ်ထောင်ကျပြီးတဲ့နောက်မှာတောင်မှပဲ တစ်ဖက်ကအလုပ်လုပ်ရင်း တစ်ဖက်ကလည်း ပညာဆက်သင်သွားကြလို့ ဘီအေတွေ ဘာတွေတောင် အောင်သွားကြတယ်ဆိုတဲ့အကြောင်း ရှင်းပြတော့ အတော်သဘောကျသွားတယ်လေ"

ကိုအေးဆွေက သူ့အကျိုးဆောင်ချက်များကို အားရစွာဖြင့် ရှင်းပြနေသည်။

"ပြီးတော့ မောင်ထွန်းမြင့် ဆိုတာကလည်း လူရိုးလူကောင်းလေးပါ။ ကျွန်တော်တို့ ဘုံထန်းတောအဖွဲ့က ထန်းအလုပ်သမားတစ်ယောက်ပဲ။ ဌေးဌေး ဒီကျောင်းမရောက်ခင် အရင်နှစ်ကပဲ ခုနစ်တန်းအောင်သွားတယ်။ ပညာဆက်သင်ဖို့ဆိုတာကလည်း မိဘက ဆင်းရဲတယ်။ ခုတော့ မြခင်မိဘများက ကျွန်တော့်ရှင်းပြချက်ကို သဘောကျပြီး သားသမီးမပစ်နိုင်တော့လည်း မင်္ဂလာဆောင်ပေးပြီး လာမယ့်ကျောင်းဖွင့်ချိန်မှာ မောင်ထွန်းမြင့်ပါ ကျောင်းဆက်ထားပေးလိမ့်မယ်လေ"

မောင်ထွန်းမြင့်နှင့် မြခင်တို့၏ အနာဂတ်ဘဝသစ်ထူထောင်ရေးအစီအစဉ်များကို ကြားသိရသောအခါ ခင်သန်းဌေးမှာ အတော်အံ့သြသွားသည်။ သူတို့လေးတွေဘဝအတွက် အတော်စိတ်ချမ်းသာသွားသည်။

"ဒီလိုဆိုရင် သူတို့လေးတွေရဲ့ အနာဂတ်ဘဝခရီးဟာ ဖြောင့်ဖြူးသွားပါလိမ့်မယ်နော်"

ခင်သန်းဌေးမှာ ဆရာတပည့်တစ်ယောက်၏ သံယောဇဉ်ဖြင့် ပူပူပင်ပင် ညည်းမိလိုက်သည်။

"ဖြောင့်ဖြူးမှာပါပဲ။ တကယ်တော့ ကောင်မလေးမိဘများဟာလည်း ထန်းပိုင် ယာပိုင် စားနိုင်သောက်နိုင် ချောင်ချောင်လည်လည်ထဲကပဲ။ ကောင်လေးများကတော့ ဆင်းရဲတယ်။ ဒီတော့ မြခင်မိဘများက တစ်ယောက်တည်းဖြစ်တဲ့ သူတို့သမီးကို ဆင်းရဲတဲ့မိဘသားနဲ့ မပေးစားချင်ဘူး။ လူဆိုတာ ဘာပဲဖြစ်ဖြစ် ပစ္စည်းလေးအသင့်အတင့်ရှိလာရင် လူတန်းစားခွဲခြားရေးစနစ်ဟာ အလိုလိုဝင်လာတာပဲမဟုတ်လား"

ဤအချက်ကိုတော့ ခင်သန်းဌေးက လက်ခံရပေမည်။

"ဒါနဲ့ နောက်ဆုံး ကျွန်တော်တို့ကပဲ ခေတ်အခြေအနေတွေပါ ရှင်းပြ၊ နောက်ပြီး သူတို့ကလည်း ဖြစ်ပြီးသား ကိုယ့်သမီးမပစ်နိုင်တော့လည်း အခုလို လူငယ်တွေရဲ့ နှလုံးသားချင်းတူညီမှုကို အခြေအနေချင်းပါတူညီလာအောင် အနာဂတ်ဘဝဖန်တီးရေးတွေပါ သာယာဖြောင့်ဖြူးသွားနိုင်တဲ့အထိ သူတို့လေးတွေရဲ့ဘဝဟာ အဆင်ပြေလာတာပေါ့"

ထိုအချိန်ဝယ် သူတို့သည် မိသားစုထန်းတောနားသို့ နီးကပ်လာပြီဖြစ်၏။ ထိုအခါ ခင်သန်းဌေး၏ မျက်နှာသည် အလိုလိုပြုံးမိလျက်သား ဖြစ်သွားလေသည်။

"အင်း၊ ကိုအေးဆွေက သူများတွေရဲ့ နှလုံးသားချင်း တူညီနေတာကို ပတ်ဝန်းကျင်အခြေအနေအသိုင်းအဝိုင်းပါ တူညီသွားအောင် လုပ်ပေးတတ်တာကိုး။ ကိုယ့်ဘဝကျတော့ ဘာမှကြိုးစားမှုမရှိပါလား"

တလောက ထန်းမောင်နှံအောက်တွင် ပြောဖူးသော ကိုအေးဆွေ၏စကားများကို ရုတ်တရက်သတိရ၍ ခင်သန်းဌေးက အစ်ထုတ်လိုက်သည်။ "ဘယ့်နှယ်ပြောပါလိမ့် ဌေးဌေးရယ်။ မတူညီတာကို တူညီအောင်လုပ်ချင်တာပေါ့။ ဒါပေမဲ့ မတူညီတာကို တူညီအောင်ဇွတ်လုပ်ရင် တစ်နေ့ အန္တရာယ်တွေ့တတ်ပါတယ်။ အသည်းကွဲခံရတတ်ပါတယ်။ ဆိုကြပါစို့၊ ကျွန်းသစ်နဲ့ ထင်းရှူးသစ်ကို တူညီတယ်လို့ သဘောထားပြီး လှေသင်္ဘောဆောက်လုပ်ရင် တစ်နေ့မှာ ကွဲပျက်ပြီး အန္တရာယ်ကောင်းကောင်းတွေ့မှာ အမှန်ပဲ"

သည်တစ်ခါတော့ ကိုအေးဆွေက သူ့စကားများကို သစ်များနှင့် ပမာနှိုင်းပြီး တင်စားလာပြန်ချေပြီ။

"ဘာကြောင့်ဆိုရင် ရေပေါ်မှာပေါ်တဲ့ သစ်မျိုးချင်းတူပေမဲ့ သဘာဝရဲ့ဒဏ် ခံနိုင်ရည်စွမ်းသတ္တိကတော့ မတူဘူး။ ဒါဘာကြောင့်လဲ၊ အခြေခံပေါက်ရောက်တဲ့ ရေမြေရာသီဥတု ဗီဇအခြေခံချင်း မတူညီလို့ပဲ။ ဒါကြောင့်မို့လို့လည်း ကျွန်းသစ်က ခြမစားဘူး။ ဘယ်လောက်ပူပူ၊ ဘယ်လောက်အေးအေး ပြန့်ကားခြင်း၊ ကျုံ့ခြင်း မရှိဘူးလေ။ ရေထိလေ ခိုင်လေဖြစ်ပြီး နှစ်ပေါင်းရာထောင်ချီပြီး ခိုင်ခံ့တယ်။ ထင်းရှူးသစ်ကျတော့ ခြကြိုက်တဲ့အစာဖြစ်ပြီး ရာသီဥတုဒဏ်၊ ရေဒဏ်ကို မခံနိုင်ဘူး။ ကျိုးလွယ်၊ ပဲ့လွယ်၊ ဆွေးလွယ်တဲ့ သစ်မျိုးပဲ။ ဒီလို ခံနိုင်ရည်သတ္တိချင်းမတူညီတဲ့ ဒီသစ်နှစ်မျိုးကို ရေပေါ်တာချင်း တူညီတဲ့သဘောနဲ့ဆက်စပ်ပြီး လှေသင်္ဘောဆောက်လုပ်ရင် ခဏပဲခံမယ်။ မကြာမီပေါက်ကွဲပြီး စီးသူတွေကို သေကျေပျက်စီးသွားစေမှာ အမှန်ပဲ"

"ကိုအေးဆွေဆိုလိုတာက ဘာကိုဆိုလိုတာလဲ။ ရှင်းရှင်းပဲပြောပါလေ။ ဌေး နားမလည်ဘူး"

ကွေ့ဝိုက်၍ပြောနေသော ကိုအေးဆွေ၏စကားကို ခင်သန်းဌေးက ဖြတ်မေးလိုက်သည်။

"အေးလေ၊ တကယ်တော့ ကျွန်တော့်ပျော့ကွက်လို့ ဆိုရမှာပါပဲလေ"

စောစောက တက်ကြွစွာပြောနေသော ကိုအေးဆွေမှာ ယခုတော့ ရုတ်တရက်ငိုင်ကျသွားသည်။ ပြောနေသော စကားသံကပါ အားနည်းသံဖြင့် တိမ်ဝင်သွားသည်။ ပင်ပန်းကြီးစွာလည်း အသက်ရှူနေပုံရသည်။ ပြီးမှ သက်ပြင်းကို ရှိုက်ချလိုက်ကာ ဆိုလာချေတော့သည်။

"ကျွန်တော်ဟာ ကိုယ့်ဘဝရဲ့ကြင်ဖော်ကို နှစ်အတော်ကြာကတည်းက ရှာတွေ့ခဲ့ပါတယ်။ ဒါပေမဲ့ ဘဝချင်းမတူညီတဲ့အခြေအနေကြောင့် ကျွန်တော့်ရင်မှာပွင့်နေတဲ့ အချစ်ပန်းကို ကိုယ့်ရင်ထဲမှာပဲ အသာမျိုသိပ်ပြီး ထားခဲ့ရပါတယ်"

"ဒီလောက်ပဲလားရှင်။ ဌေးတို့လည်းသိရအောင် ဆိုစမ်းပါဦး။ မသကာ ဌေးကပါ ကူပြီးပြောပေးရ ပြောပေးရ"

ထိုစကားကြောင့် ကိုအေးဆွေသည် အတော်အားတက်သွားပုံရသည်။ မျက်နှာမှာလည်း လန်း၍သွား၏။ ထိုနောက် ခင်သန်းဌေးကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။ သူ့နှုတ်ခမ်းလေးများမှာ တရွရွဖြစ်နေသည်။ သို့သော်လည်း တော်တော်နှင့် မပြောပေ။ အတန်ကြာမှ မျှော်လင့်သံဖြင့် ဆိုလိုက်သည်။

"ကျွန်တော်ပြောရင် ဌေးဌေး စိတ်ဆိုးမှာလား"

"အို၊ ဘာလို့စိတ်ဆိုးရမှာလဲ ကိုအေးဆွေရယ်။ ငယ်သူငယ်ချင်းတွေပဲဟာ"

"ကျ၊ ကျွန်တော့်ရဲ့ ဘဝကြင်ဖော်ဟာ ဌေးဌေးပါပဲ"

"အို"

ခင်သန်းဌေးမှာ ဆတ်ခနဲလှည့်ကြည့်လိုက်မိရင်း ယောင်တလိုက်မိကာ ပါးစပ်ပင် အဟောင်းသားဖြစ်သွား၏။ မျက်နှာတွင်လည်း ရှက်သွေးများကဖြန်းခနဲ တက်လာသည်။ သွားနေခြင်းကိုလည်း အလိုအလျောက် ရပ်တန့်ပစ်ကာ ကိုအေးဆွေကိုသာ မျက်လုံးအဝိုင်းသားဖြင့် တအံ့တသြ ကြည့်နေမိတော့သည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"ကျွန်တော်ဟာ ကိုယ့်ဘဝရဲ့ကြင်ဖော်ကို နှစ်အတော်ကြာကတည်းက ရှာတွေ့ခဲ့ပါတယ်။ ဒါပေမဲ့ ဘဝချင်းမတူညီတဲ့အခြေအနေကြောင့် ကျွန်တော့်ရင်မှာပွင့်နေတဲ့ အချစ်ပန်းကို ကိုယ့်ရင်ထဲမှာပဲ အသာမျိုသိပ်ပြီး ထားခဲ့ရပါတယ်"**
**"ဒီလောက်ပဲလားရှင်။ ဌေးတို့လည်းသိရအောင် ဆိုစမ်းပါဦး။ မသကာ ဌေးကပါ ကူပြီးပြောပေးရ ပြောပေးရ"**
**ထိုစကားကြောင့် ကိုအေးဆွေသည် အတော်အားတက်သွားပုံရသည်။ မျက်နှာမှာလည်း လန်း၍သွား၏။ ထိုနောက် ခင်သန်းဌေးကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။ သူ့နှုတ်ခမ်းလေးများမှာ တရွရွဖြစ်နေသည်။ သို့သော်လည်း . . .**

# မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် MRTV(HD) Channel မှ Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၈-၁၂-၂၀၂၃)ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ပြင်ပတေးသံရှင်များ စုပေါင်း၍ Live Show တေးသီချင်းဖျော်ဖြေမှု အစီအစဉ်ကို "ကံ့ကော်မြို့တော်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၂) ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၈-၁၂-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ကံ့ကော်မြို့တော်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၂) ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | တက္ကသိုလ်မှာဝေတဲ့နှင်း | ပြင်ပအဆိုရှင် |
| ၂။ | ကံ့ကော်ပွင့်ရေ | ပြင်ပအဆိုရှင် |
| ၃။ | တက္ကသိုလ်နန်း | ဌာနအဆိုရှင် |
| ၄။ | ချစ်ရက်ရှည်ရှည်အင်းလျားမြေ | ပြင်ပအဆိုရှင် |
| ၅။ | နေရာဟောင်းကိုသတိရတယ် | ပြင်ပအဆိုရှင် |
| ၆။ | အားနာပါတယ် | ပြင်ပအဆိုရှင် |
| ၇။ | ကံ့ကော်ပွင့်လေးတွေဝေနေပြီ | ပြင်ပအဆိုရှင် |
| ၈။ | တက္ကသိုလ်ကျောင်းသူတစ်ဦး | ပြင်ပအဆိုရှင် |
| ၉။ | ပုဂံလမ်းက ပန်းချည်သည် | ပြင်ပအဆိုရှင် |
| ၁၀။ | တက္ကသိုလ်ကျောင်းကငွေလမင်း | ပြင်ပအဆိုရှင် |
| ၁၁။ | မြကျွန်းညီညီတက္ကသိုလ် | Group Song |


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ၁၆/၂-ရပ်ကွက်၊ သုဒ္ဓသန(၂)လမ်း၊ အမှတ်-၁၂၀/က မြေပေါ်၌ ဆောက်လုပ်ထားသည့် တိုက်အမှတ် - ၁၂၀/AB၊ (၂) ခန်းတွဲ (၆) ထပ်တိုက်၏ တတိယထပ်(ယာ)၊ ၄-လွှာ၊ အကျယ် (၁၇ x ၅၄)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် (၂၀-၆-၂၀၂၂) ရက်စွဲပါ "နှစ်ဦးသဘောတူအိမ်နှင့်မြေ အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ခြင်း ကတိစာချုပ်" အရ ဦးကိုကို [၁၂/ဗဟန(နိုင်)၀၇၉၆၅၉]က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းကိုယ်ပိုင် (PAE) စနစ်ဖြင့် ဆောက်လုပ်ခဲ့သည့် အဆောက်အဦဖြစ်ပါ၍ (၃၀-၇-၂၀၂၃) ရက်စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်းရောင်းချခြင်းကတိစာချုပ်" အရ ဦးဇော်မျိုးအောင် [၉/ပဘန(နိုင်)၁၇၅၃၃၉]က ဝယ်ယူခဲ့သောအခန်းဖြစ်ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**


# သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့


## ပျောက်ဆုံးကြောင်း

မောင်မောင်ဦး[၁၂/ကတတ(နိုင်)၀၀၈၀၉၃] ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် MG 125 948 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-5027530**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၈) ရပ်ကွက်၊ ရွှေဟသ်ာလမ်း၊ အမှတ် ၂၄၃ (ခ)တွင် နေထိုင်သူ ဒေါ်သိမ့်သိမ့်ထွန်း [၁၂/ဒဂဆ(နိုင်)၀၂၅၃၆၆] ကိုင်ဆောင်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၈) ရပ်ကွက်၊ ရွှေဟသ်ာလမ်း၊ အမှတ် ၂၄၃(ခ)တွင် နေထိုင်သူများဖြစ်သော ဦးထွန်းဝင်း [၁၂/သလန(နိုင်) ၀၈၅၉၆၈] နှင့် ဒေါ်အေးစန္ဒာ [၇/ဖမန(နိုင်) ၁၁၂၇၀]တို့ထံမှ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၈) ရပ်ကွက်၊ ရွှေဟသ်ာလမ်း၊ အမှတ် ၂၄၃(ခ) ဟုခေါ်တွင်သော မြေနှင့် နေအိမ်ကို နှစ်ဦးသဘောတူ အိမ်နှင့်မြေ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ကျွန်ုပ်မိတ်ဆွေမှ မြေနှင့်အိမ် တန်ဖိုးငွေ သိန်း ၇၀၀ ကျပ်တိတိဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သိမ့်သိမ့်ထွန်း**
**[၁၂/ဒဂဆ(နိုင်)၀၂၅၃၆၆]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမျိုးသစ်**
**LL.B (စဉ်- ၅၂၇၈၇)**
**Ph: 09-942127243**
**အမှတ်(၄၂)၊ ၅လွှာ၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**


# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး


## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈၂)ရပ်ကွက်၊ အကွက်အမှတ်-ပပ-၁၉၊ ဦးပိုင်အမှတ်(၅)၊ ၆၃x၆၄လမ်း၊ ယောမင်းကြီးလမ်းနှင့် ဖိုးရာဇာလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးဝေ[၉/မနမ(နိုင်)၀၄၃၈၁၆]၏ [G.P ရရှိသူ ဦးစိုးကျော်သူမြင့်]က အမှုတွဲအမှတ်-၅၉၄၈/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဆဆ-၂၊ ဦးပိုင်အမှတ်(၉၃)၊ အောင်ဆန်းလမ်း၊ ၅၇ x ၅၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဂမ်ဖန်[၁/မစန(နိုင်)၀၂၇၇၅၂]၏(S.P ရရှိသူ ဒေါ်ဝါဝါသွဲ့)က အမှုတွဲအမှတ်-၅၉၄၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၇၅)၊ ဦးပိုင်အမှတ်(၄+၅)၊ ထီးတန်းလမ်းရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမောင်မောင်မြင့်၊ ဒေါ်အမာတင်တို့၏(S.P ရရှိသူ ဦးတင်နိုင်လင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၉၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးနန္ဒာ [၉/တတဥ(နိုင်)၀၇၃၅၉၁]က အမှုတွဲအမှတ်-၀၆၄၈/ဘ(ပြောင်း)/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘအမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ်-ဆ-၂၊ ဦးပိုင်အမှတ်(၃၁)၊ ငုရွှေဝါလမ်းxဇလပ်ဝါလမ်းကြား၊ ၇၀x၇၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြတ်သူရ [၉/မရတ(နိုင်)၀၁၀၆၇၀]က အမှုတွဲအမှတ်-၅၉၄၉/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




❖ ကျောဖုံးမှ

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်မှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသမီး- ၇ မျိုးစုံ)ပြိုင်ပွဲ၊ (အမျိုးသား/အမျိုးသမီး)သံလုံးပစ်ပြိုင်ပွဲ၊ (အမျိုးသား/အမျိုးသမီး)မီတာ-၅၀၀၀ ပြိုင်ပွဲ၊ (အမျိုးသား) တုတ်ထောက်ခုန်ပြိုင်ပွဲ၊ (အမျိုးသား/အမျိုးသမီး) မီတာ-၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ၊ (အမျိုးသား+အမျိုးသမီး) မီတာ (၄၀၀ x ၄) လက်ဆင့်ကမ်းပြိုင်ပွဲ၊ (အမျိုးသား/အမျိုးသမီး) မီတာ - ၈၀၀ ပြိုင်ပွဲ၊ (အမျိုးသား/အမျိုးသမီး) မီတာ - ၂၀၀ ပြိုင်ပွဲ၊ (အမျိုးသမီး) အလျားခုန်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (အမျိုးသား)သံလုံးပစ်ပြိုင်ပွဲတွင် ထက်ဝေယံ (ပြည်ထဲရေး)သည် ၁၅ ဒသမ ၀၂ မီတာဖြင့် ၂၀၀၃ ခုနှစ် အောင်မိုးဝင်း(မြို့တော်/စည်ပင်)၏စံချိန် ၁၄ ဒသမ ၀၇ မီတာထက် သာလွန်ကောင်းမွန်ပြီး စံချိန်သစ်တင်နိုင်ခဲ့သည့်အပြင် (အမျိုးသား)မီတာ၂၀၀ ပြိုင်ပွဲတွင် ထက်ရှိန်းအောင်(စည်ပင်)၏ Hand Timing ၂၁ ဒသမ ၂၅ စံချိန်သည် ၁၉၉၃ ခုနှစ် ကျော်ထူးအောင် (ဟိုတယ်/ခရီး)၏ ဖိလစ်ပိုင်နိုင်ငံတွင် ရရှိသော Electronic Time ၂၁ ဒသမ ၃၄ စံချိန်ထက် သာလွန်၍ လည်းကောင်း ဝန်ကြီးဌာန စံချိန်သစ်များ တင်နိုင်ခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဒီဇင်ဘာ ၈ ရက်တွင် စတုတ္ထနေ့ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များကို နံနက် ၆ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# "ကံ့ကော်မြို့တော် တေးဂီတဖျော်ဖြေပွဲ"(ပွဲစဉ် - ၂) မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဒီဇင်ဘာ ၇

ရန်ကုန်တက္ကသိုလ် (၁၀၃)နှစ်မြောက် ဂုဏ်ပြုအစီအစဉ်အဖြစ် "ကံ့ကော်မြို့တော်"တေးဂီတဖျော်ဖြေပွဲ(ပွဲစဉ် -၂) Friday Night Live Show အစီအစဉ်ကို ဒီဇင်ဘာ ၈ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "ကံ့ကော်မြို့တော်" တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ်-၂)တွင် မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ သန်းမြတ်စိုး၊ ရဲထိုက်၊ စိုးထက်အောင်၊ စိမ့်နေခြည်၊ မို့မို့ကျော်လွင်၊ ဖူးဧကရီဆောင်းနှင့် စိတ်ပညာဌာန အနုပညာအသင်းတို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို ဒီဇင်ဘာ ၁၀ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်(ဘီလူးကျွန်း-ချောင်းဆုံ)

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး(ကန်/ရှေ့)၊ (၉၃)လမ်း၊ အိမ်အမှတ်(၈၁) (ခေါင်းရင်း)၊ ပထမထပ်နေ (ဦးတင်မောင်)၏ဇနီး၊ (ဦးတင်ညွန့်)-ဒေါ်နွဲ့နွဲ့၊ ဒေါ်ချိုချို၊ ဦးစိုးလွင်-ဒေါ်ခင်ဝင်းကြူ၊ ဦးမြင့်ဦး-ဒေါ်ခင်ခင်ဆွေ၊ ဒေါ်နွယ်နွယ်အေး၊ ဦးသိန်းထွတ်-ဒေါ်ချိုချိုအေး၊ ဦးမြင့်ဆွေ-ဒေါ်ငြိမ်းငြိမ်းတို့၏ မွေးသမိခင်၊ မြေး ကိုးယောက်၊ မြစ် ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၇-၁၂-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၂၃ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်- စစ-၉/A၊ ဦးပိုင်အမှတ်(၂)၊ ၅၁ လမ်း၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြသိန်း၏ (S.P ရရှိသူ ဦးတင်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၀၂/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေး [၁၃/ကခန(နိုင်)၀၃၂၁၅၅]က အမှုတွဲအမှတ်-၅၉၄၁/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အေးသာယာလမ်း၊ အမှတ်(၅/အေ) နေ ဦးဝင်းစိုး [၁၀/မလမ(နိုင်)၁၈၄၇၀၇] ကိုင်ဆောင်သူမှ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အေးသာယာလမ်း၊ အမှတ် (၅/အေ)နေ ဒေါ်စန်းစန်းမြင့် [၁၂/မဂတ(နိုင်)၀၈၁၉၆၀] ကိုင်ဆောင်သူအား ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၁၃-၉-၂၀၂၃)ရက်နေ့၌ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၁၉၆၀၀/၂၀၂၃)ဖြင့် ပေးအပ်သော အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းစိုး [၁၀/မလမ(နိုင်)၁၈၄၇၀၇]**
**ဖုန်း- ၀၉-၆၈၈၅၅၀၄၆၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ ကွက်သစ်၊ အေးမေတ္တာရပ်ကွက်၊ ဦးပိုင်မြေကွက်အမှတ် (၁၆၀၀) ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစားပေါ်ရှိ (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ အိမ်ခြံမြေကွက်အား အမည်ပေါက်ပိုင်ရှင် ဦးအေးမင်း၊ ဒေါ်လှလှဌေး ပိုင်ဆိုင်သော ဒေါ်လှလှဌေး [၁၂/လသန(နိုင်)၀၁၃၆၃၇] ကိုယ်တိုင်လက်ရှိထား လက်ဝယ်ပိုင်ဆိုင်လျက်ရှိသော ယင်းအိမ်ခြံမြေကွက်အား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့် အလျောက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသန်းထွန်း + ဒေါ်ဝင်းမြင့်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းထွန်း+ဒေါ်ဝင်းမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းယုလှိုင် (LL.B)**
**(အထက်တန်းရှေ့နေ) (စဉ်-၅၀၁၀၅)**
**သန်လျင်မြို့။ ဖုန်း- ၀၉-၂၆၂၅၅၁၀၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရှိုင်းဝါနေမျိုး [၁၂/စခန(နိုင်)၀၇၁၆၁၃]၊ (ဘ) ဦးနေမျိုး၊ (ခေတ္တ)ဂျပန်နိုင်ငံ နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်-

ယခုအခါလူမှုကွန်ရက်စာမျက်နှာမျိုးစုံတွင် ကျွန်ုပ်တို့၏ မိတ်ဆွေ၏ ဓာတ်ပုံများ၊ မိသားစုဝင်များ၏ဓာတ်ပုံများနှင့် မိသားစုကိုယ်ရေးအချက်အလက်များကို မဟုတ်မမှန်ရည်ရွယ်၍ မိသားစုဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရေးသားဖြန့်ချိနေမှုများကို တွေ့ရှိနေရပါသည်။ ထို့ကြောင့် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကိုသုံးစွဲ၍ မိသားစုဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ရေးသားဖြန့်ချိမှုများ မိသားဝင်များ၏ဓာတ်ပုံများ အချက်အလက်များကို ရေးသားခြင်း၊ ဖြန့်ချိခြင်း မှတ်ချက်ပြုခြင်းများကို မည်သူမဆို ရေးသားမှုများကို ဖျက်သိမ်းပေးရန်၊ မည်သည့်ဆက်သွယ်ရေး ကွန်ရက်များတွင်မဆို ထပ်မံတွေ့ရှိရပါကတရားဥပဒေနှင့်အညီ ထိရောက်စွာ ဆက်လက်ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်းနှင့် သက်ဆိုင်သူနှင့်သာ သီးသန့်ဖြေရှင်းပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဝင့်ဝါထွန်း (LL.B)** | **ဦးစိုးသူ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၇၆၈၆)** | **(စဉ်-၅၅၂၅၀)** |
| **၀၉-၇၉၄၁၄၄၆၁၅** | **၀၉-၇၈၅၀၉၆၄၃၅** |

**ဒေါ်ခင်သဇင်ဦး**
**အထက်တန်းရှေ့နေ (စဉ်-၄၉၄၄၄)**
**ဖုန်း- ၀၉-၄၃၄၄၁၁၉၉**

## သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းဇော် (ခ) ဦးသုခ (ဖွဲ့ယက္ကန်း)

### အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက (၂၁)လမ်း၊ အမှတ် (၆၃၁/ခ)နေ (ဦးသောင်းစိန်-ဒေါ်လှကြည်)တို့၏ သားလတ်၊ (ဦးဇော်မျိုးသန့်-ဒေါ်အုန်းအုန်းထွေး)တို့၏ ညီ၊ (ဦးယုဇော်)၏ အစ်ကို၊ (ဦးအောင်ချမ်းသာ)-ဒေါ်သော်တာဖြိုး၊ ဒေါ်စန္ဒာဖြိုး၊ ဦးအောင်ရဲကျော်-ဒေါ်ကဥ္စနာဖြိုးတို့၏ ဦးလေး၊ မြေး သုံးယောက်တို့၏ ချစ်လှစွာသောအဘိုးလေး ဦးသန်းဇော်(ခ)ဦးသုခသည် ၇-၁၂-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၆:၅၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၉-၁၂-၂၀၂၃ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ရပ်ဝေးရပ်နီး ဆွေမျိုးများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ (၈)လမ်း၊ အမှတ် ၂၃၃(က)တွင်တည်ရှိသော (၆)ထပ်တိုက် (တစ်ခန်းတည်း)မှ စတုတ္ထထပ်၊ အလျားxအနံ (၁၈'x၄၅')ရှိ တိုက်ခန်းကို စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ရဲသူ [၇/မလန(နိုင်)၀၉၆၆၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများ ယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက ဤတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းသိန်း [၁၂/ဒဂမ(နိုင်)၀၀၃၄၇၄] ၏ လွှဲအပ်ချက်အရ -**
**ဒေါ်ခင်မာဆွေ (BA, HGP,RL)**
**အထက်တန်းရှေ့နေ(စဉ် ၁၆၄၂၀)**
**တိုက် ၃၅/အခန်း ၅၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၂၇၂၀၂၁၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၄အိပ်ချ်အိုင်၊မြေကွက်အမှတ်-၁၁၁/ဘီ၊၀.၀၄ဧက၊မြေကွက်တည်နေရာအမှတ်-၆၉၊စက်မှုလက်မှု(၂)လမ်း၊မေတ္တာညွန့်ရပ်ကွက်၊တာမွေမြို့နယ်၊ဒေါ်စောကျင်(၁၂/တမန(နိုင်)၀၃၄၅၆၁) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်(မိခင်)ဒေါ်စောကျင်(ခ)ဒေါ်ဥနှင့်ဦးသာညွန့်(ဖခင်)တို့အသီးသီးကွယ်လွန်သဖြင့်သားသမီးများဖြစ်ကြသောဒေါ်မြင့်မြင့်သန်း(၇/သနပ(နိုင်)၀၀၂၂၆၂)၊ဦးကျော်မြင့်(၁၂/တမန(နိုင်)၀၃၄၃၁၄)၊ဒေါ်တင်တင်အေး(၁၂/တမန(နိုင်)၀၆၃၅၃၉)၊ဒေါ်တွက်တွက်(၁၂/တမန(နိုင်)၀၅၉၀၇၈)၊ဒေါ်အေးအေးထွေး(၁၂/တမန(နိုင်)၀၃၄၉၄၁) တို့မှကွယ်လွန်သူမိဘများတွင်သားသမီးအရင်းများအဖြစ်မိမိတို့မောင်နှမ(၅)ဦးတည်းကိုသာမွေးဖွားထွန်းကားခဲ့ပြီး၊အခြားသောသားသမီးနှင့်ကိတ္တိမမွေးစားသားသမီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းမိမိတို့(၅)ဦးတည်းကသာ လျှင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊မိခင်အမည်မှာနှစ်(၆၀)ဂရန်တွင်ဒေါ်စောကျင်ဟုလည်းကောင်း၊သေဆုံးမှုလက်မှတ်တွင်ဒေါ်ဥဟုလည်းကောင်းဖော်ပြပါရှိသော်လည်းလူပုဂ္ဂိုလ်အားဖြင့်တစ်ဦးတစ်ယောက်တည်းဖြစ်သည်မှာမှန်ကန်ပါကြောင်း၂၁-၉-၂၃ရက်စွဲပါတရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊အိမ်ထောင်စုစာရင်း၊သေဆုံးမှုလက်မှတ်၊ဂရန်၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## "ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာ၊ သန်လျင်မြောက်ကွင်း၊ ကွင်းအမှတ်(၆၈၄)၊ ဦးပိုင်အမှတ်(၉/ဈ)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ) မြေကွက် (၁၄)ကွက်၊ (၂၀ပေx၆၀ပေ) မြေကွက် (၂)ကွက်ကန့်ကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"

အထက်ပါမြေကွက်များသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးအောင်မှ မူလပိုင်ရှင် အမည်ပေါက် ဒေါ်အေးသဉ္ဇာသူထံမှ အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူခဲ့ပြီး နောက်ဆုံးလက်ဝယ်လက်ရောက်ပိုင်ဆိုင်ရယူခဲ့သော မြေကွက်များ ဖြစ်ပါသည်။ ထိုမြေကွက်များအား ကျွန်ုပ်၏မိတ်ဆွေ ခရီးသွားနေချိန်ကို အခွင့်ကောင်းယူ၍ ကျွန်ုပ်၏မိတ်ဆွေ ခတ်ထားသောခြံစည်းရိုးများကို ဖျက်ဆီးပြီး ကျွန်ုပ်မိတ်ဆွေ၏ ခြံစည်းရိုးတိုင်များ၊ ဆူးလိတ်များနှင့် အခြားပစ္စည်းများအား ခိုးယူပြီး ဆူးလိတ်ခြံစည်းရိုးများ ထပ်ခတ်ထားကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ သက်ဆိုင်ရာဌာနများသို့ (၂-၁၂-၂၀၂၃)ရက်စွဲပါ အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်သောကြောင့် အထက်ပါမြေကွက်များအား ထပ်ခတ်ထားသည့် ခြံစည်းရိုးပစ္စည်းများနှင့် အထက်ပါမြေကွက်များပေါ်တွင်တွေ့ရှိရသည့် ပစ္စည်းများအား သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ စာရင်းနှင့်တကွ အပ်နှံထားမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေမှ ခိုင်ခန့်သည့် ခြံစည်းရိုးထပ်မံခတ်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမျိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသီဟနိုင်စိုး(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၅၁၇၇၁)**
**အမှတ်(၄၈၈)၊ မြတ်မင်္ဂလာလမ်း၊ (၃၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၁၁၀၆၄၃၆**

## ဒေါ်တင်တင်မြင့် @ Molly

### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ 76(F)၊ အင်းယားလမ်း၊ ကမာရွတ်နေ (ဦးကျော်မြင့်-ဒေါ်စောရီ)တို့၏ သမီး၊ (ဦးစံညွန့်-ဒေါ်ထား)တို့၏ သမီးချွေးမ၊ [ပါမောက္ခ ဦးမောင်မောင်သန်း (RIT)]၏ ဇနီး၊ ဒေါက်တာဝင်းဝင်းသန်း၊ ဦးခင်မောင်ကြီး၊ ဦးခင်မောင်လေး၊ ဦးသန်းထွန်း-ဒေါ်ဝင့်ဝင့်ကျော်တို့၏မိခင်၊ မသက်နွယ်ထွန်း၏အဘွား ဒေါ်တင်တင်မြင့်သည် ၇-၁၂-၂၀၂၃ (စနေနေ့) နံနက် ၆:၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၆)လမ်း၊ တိုက်အမှတ် (၄၅-B)၊ (၂) ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦမှ (၄-လွှာ-A/ခေါင်းရင်းခန်း)၊ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးသန်းဇော်ထူး [၇/ပတတ(နိုင်)၀၉၆၃၉၃]+ ဒေါ်နန်းတင်တင်မေ [၁၃/ကမန(နိုင်)၀၀၉၈၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ တိုက်အမှတ် (၇+၁--A) Life ပါ၊ (၈)ခန်းတွဲ၊ (၇ ½)ထပ်တိုက် အဆောက်အဦမှ အခန်း(၂၀၃) (ဒုတိယထပ်) ကွန်ဒိုတိုက်ခန်း အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ ကွန်ဒိုတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူ ဒေါ်ရီရီဝင်း [၁၂/သဃက(နိုင်)၀၁၃၀၉၉]ထံမှ ဒေါ်ကြည်ကြည်သန်း [၁၀/ခဆန(နိုင်) ၀၀၆၁၅၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်းတန်ကြေးငွေမှ စရန်ငွေကို ပေးချေပြီးဖြစ်ရာ၊ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်သန်း ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း - ၀၉-၅၁၈၁၈၂၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ္တော်ရပ်ကွက်၊ အကွက်အမှတ်- ၃၂၊ ဦးပိုင်အမှတ် (၂၁-က)၊ ၃x၇ လမ်း၊ ၇၃x၇၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝီလျှံကိုကို [၉/မနမ(နိုင်) ၀၂၁၅၂၁]၏ (S.P ရရှိသူ ဦးဘိုထွေး)က အမှုတွဲအမှတ်-၅၉၆၀ / ၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆောက်တောဝရပ်ကွက်၊ အကွက်အမှတ် ၅၈၀-J၊ ဦးပိုင်အမှတ် (၄၅-က)၊ ၆၇x၆၈ လမ်းကြား၊ ထုံးဘိုx မြစ်ငယ်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဗိုလ်မှူးချုပ်ရဲအောင်၏ (S.P ရရှိသူ ဦးအောင်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၇၁/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးမြတ်မွန် [၉/ခအဇ(နိုင်)၀၃၇၄၁၉]က အမှုတွဲအမှတ်-၅၉၆၈/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၄)၊ ဦးပိုင်အမှတ်(၁-ခ)၊ ၇၁x၇၂ လမ်း၊ ၃၉x၄၀ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်ရီ၏ (S.P ရရှိသူ ဦးဇော်ဇော်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၆၃၁/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးသူရ (ခ) ဟိန်းထက်အောင် [၉/မရတ(နိုင်)၁၁၂၇၁၆]က အမှုတွဲအမှတ် ၀၆၄၆/ဘ/(ပြောင်း)/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်သဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလို...

❖ ပညာရေးကို အားပေးမှသာလျှင် ဒေသနှင့်နိုင်ငံ၏ လူသားအရင်းအမြစ်များသည်လည်း ပေါ်ကြွယ်ဝလာမည်ဖြစ်...

❖ ထို့ကြောင့် တစ်ယောက်ချင်းမှစ၍ ပညာရေးကို အလေးထားအားပေးဆောင်ရွက်ကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၇

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပပုံများကို ဒီဇင်ဘာ ၈ ရက် နံနက် ၇ နာရီခွဲမှ စတင်၍ MWD HD Channel၊ MWD Variety HD Channel၊ MRTV HD Channel နှင့် Skynet Up to Date Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။ သတင်းစဉ်

## MFF Women's Futsal Championship 2023 ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၇

MFF Women's Futsal Championship 2023 ပြိုင်ပွဲ ပွဲစဉ် (၁) ကို ဒီဇင်ဘာ ၇ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပသည်။

ပွဲစဉ် (၁) တွင် ရန်ကုန်လူငယ်အသင်းက ရွှေပြည်သာအသင်းကို ၁၉ ဂိုး-တစ်ဂိုး၊ YRG အသင်းက Burmese Bees အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❂



## မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် (၆၆)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်(ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ တတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပသည့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် (၆၆)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ကျင်းပသည်။ စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**

**ရင်းနှီးချစ်ကြည် သွေးချင်းတို့ဌာနီ**

**ခြောက်မည်ရ အမရပူရနှင့် ရှေးဟောင်းအမွေအနှစ်များ**

စာမျက်နှာ » ၂၁

**ပြည်တွင်းစက်သုံးဆီဖူလုံမှုအခြေအနေအရ စက်သုံးဆီများအား ပုံမှန်သုံးစွဲမှုပမာဏအတိုင်း ဝယ်ယူနိုင်၊ ကောလာဟလသတင်းများကြောင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူရန် မလိုအပ်**

စာမျက်နှာ » ၂၂



## MNL ပြိုင်ပွဲတွင် ဟံသာဝတီအသင်း တတိယနေရာရပြီး အား/ကာသိပ္ပံအသင်း နိုင်ပွဲပြန်ရ

ရန်ကုန် ဒီဇင်ဘာ ၇

ရွှေ့ဆိုင်းထားသည့် ၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ပထမနေ့ကို ဒီဇင်ဘာ ၇ ရက်ကကျင်းပရာ ဟံသာဝတီအသင်း တတိယနေရာရပြီး အား/ကာသိပ္ပံအသင်း နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ဒဂုံစတားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၃ ကော်လံ ၄ သို့ ○